ပညာရှိရင် အကျိုးအကြောင်းကို သိတယ် အကျိုးအကြောင်း သိတော့ ကိစ္စတစ်ခုခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တယ် ကောင်းမှု မကောင်းမှုကို ခွဲခြားတတ်တယ်.. အဲဒီလို ခွဲခြားတတ်တော့ မကောင်းမှုမှ ရှက်ခြင်း ကြောက်ခြင်းတို့ ဖြစ်တယ် အဲဒီလို ဖြစ်တော့ မကောင်းမှုကို ရှောင်တယ်
ပညာရှိ ဆိုတာ ကျိုးကြောင်းကို သိမြင်တယ်.. မင်းတို့ သင်ခဲ့ရတဲ့ သိပ္ပံဘာသာ သင်္ချာကျောင်းစာမှာ ပညာ မရှိသော မိုက်သော အဲဒီနောက် ပညာရှိသော အကြောင်းကို သိတတ်သော လို့တွဲပြီး သုံးခဲ့ ရေးထိုးခဲ့တာကို သတိထားမိကြရဲ့လား
မင်းတို့ စာမေးပွဲကျတော့ မရှက်ဘူးလား
ဟုတ်ကဲ့ ရှက်ပါတယ်


အဲဒါ…
တယောပွဲကျတော..
မကောင်းဘူး ဆိုတာသိလို့
ပေါ့ကွ..ဒါပေမယ့် မင်း
တို့လို ကျခဲ့ပြီး မရှက်တဲ့
ကောင်တွေတော့ မရှိဘူး
လား
ဒါထက်တယောပွဲ
အခန်းထဲမှာ ဦးချတာ
မိတဲ့ ကောင်ရော..
တွေ့ဖူးလား
အများကြီး
တွေ့ပါတယ်
ဦးကြီးကျော်
ဟုတ်ကဲ့
တွေ့ဖူးပါတယ်
ဦးပြုံးသားသား ဖြေလို့
ကျတဲ့ကောင်က အများနဲ့ငါနဲ့
အတူတူဖြေ မေးခွန်းလည်း
တစ်ခုတည်း ဖြစ်ပါလျက် ငါ
မကြိုးစားခဲ့လို့ ကျ ရတာဆိုတဲ့
အချက်ပဲ ရှိတယ် ကိုယ်ကျင့်ကို
မထိခိုက်ဘူး
ဦးချတဲ့ ကောင်က
တော့ ကျသည်ဖြစ်စေ အောင်သည်
ဖြစ်စေ ကိုယ်ကျင့်တရား ပျက်ပြီး
တဲ့ အတွက် အောင်မတန် ရှက်ဖို့
ကောင်းတယ် ပညာ မရှိသော အကျိုး
အကြောင်းကို မသိတော့ ရှုံဖြစ်လို့
မိုက်တယ်.. ရှုမိုက်ပေါ့ကွာ
၉၄



အဲဒီကောင်ဟာ အဲဒီပုံစံနဲ့ အတန်းထဲ မပါမဖြစ်တစ်ယောက်အောင် အဲ့ ရှုံးသွားရင်လည်း အဲဒီလူဟာ ပညာတတ်လို့ လူတွေက သတ်မှတ်ပေးမယ်လို့ ပညာရှိတော့ မဖြစ်ဘူး သားနဲ့ သမီးက ရိုးရိုး သားသား ကြိုးစားပြီး ခြေချော်လက်ချော် ကျခဲ့လို့ ရှက်တယ်ဆိုလို့ ခံစားခဲ့ရတယ်.. အဲဒီ ခံစားမှုက
ဒီနှစ်ခုအတွက် တွန်းအားဖြစ် နေပြီ...
အဲဒီတော့ ရိုင်းရော သမီးရော.. ပညာတတ်လည်း ဖြစ်အောင် ပညာရှိလည်း ဖြစ်အောင် ကြိုးစားကြပါနော်
ဦးကြီးကျော်.. သည် မှန်ကန်ပေါင်းပြီး ချက်ကောင်းသည်. သို့တွက်ချ ကောင်းခြင်း မဟုတ်. အော်ဒါ လက်ခံ ချက်ခြင်း ဖြစ်သည်. အနည်းငယ် လှိုင်းသယ်စာ မှာချောင် ချက်ပေးသည်. မြို့တော့ ချဉ်ဖတ်စိမ်းသည်. ကြောင်လျှော်သီး မုန့်လာဥ သရက်သီး မုန့်တီမုန့်ညှင်း ဟင်းကလာ စုံငါး. တညင်းသီး ကိုတော့ မဝေတား.


သည့် ချစ်ဖတ်နှင့် မှုန့်ဘင်းဝါး သည် ပြောသော
စကားသည် စိုင်း တို့ နှစ်ယောက် အတွက်
အလင်းတန်း ဖြစ်လို့ နေသည်ကော ....။
စာမေးပွဲ ပြေတော့ စိုင်း ရော မြနှင်းဝေ ရော
တညီတညွတ်ပြုံးပြုံး ကျက်မှတ်ထားသည်ရော..
လေ့ကျင့်ထားသည်ရော ကြိုတင်ပြင်ဆင်မှုရော
အားလုံး အပြည့် ။
အောင်စာရင်း ထွက်တော့ နှစ်ယောက်စလုံး
အောင်၏။ သုံးဘာသာ ဂုဏ်ထူး အထူး
သဖြင့် စိုင်း က မြန်မာစာ မှာပါ ဂုဏ်ထူး
ပါသဖြင့် အားလုံး တအံ့တဩ ကျောင်းကယင်
ဂုဏ်ပြုပွဲ လုပ်ရ၏။ သည်ဂုဏ်ပြုပွဲမှာ
အပျော်ဆုံးက စိုင်း မဟုတ်ဘဲ မြနှင်းဝေ
ဖြစ်လို့နေသည်။


သည်ညနေမှာ မြနှင်းဝေ က အလှဆုံး ဝတ်လာသည်။ အကြည်ဆုံး လည်း ပြုံးနေသည်။
ကျော်ဇောင်နှင့် ခင်ဗြောင်း လည်း ဝမ်းသာ အားရ ရောက်လာ၏။ သို့သော် မြနှင်းဝေ နှင့် မိုး ကို ကြည့်၍ တစ်ချက်တစ်ချက် တော့ ကျော်ဇောင် မျက်နှာပျက်တတ်၏။
၉၇
နောက်နေ့မှာ မြနှင်းဝေ အိမ်တွင် မုန့်ဟင်းခါး ကျွေး သည်။ ထုံးစံ အတိုင်း ဦးကြီးကျော်ဇေ လက်ရာပင် ဖြစ်သည်။ မိုး ရော မြနှင်းဝေ ပါ ဝိုင်း အကိုင်ဝကီ ဝင်ခွင့်ရသောကြောင့် ဖြစ်လေသည်။


နင်ကလေညှိုး သေး ဘာမှတ်ပြီ ရို့ သားနို့
အေးဟာ ဘာစကားတော့ နင် ဆရာနဲ့ လုပ်ပါမလို့ ဆို
နန္ဒာရှင်ထွေးက ဘာမှမလို ဘာမှမရ ပြောသလို ကျော်ဝင်းက မျက်နှာ သပ်ရှုံ့ရှုံ့ ဆိုတော့
စိုင်း က ဝါသနာ မပါဘူးတဲ့ သူက အင်ဂျင်နီယာပါ လုပ်ချင်တာ
ဖြူနှင်းဝေ စကားကြောင့် ကျော်ဝင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ နန္ဒာရှင်ထွေးက မှာထားသလောက် မြဲ့ မျှနက်ကို သတိထားနေရတော့လည်း စိတ်က ပေါ့တော့။



အိမ်တွင် မိခင်ဖြစ်သူနှင့် ဖြူနှင်းဝေ
နှစ်ဦးတည်း ရှိနေစဉ် တယ်လီဖုန်းက
မြည်လာသဖြင့်... ဖြူနှင်းဝေ ကောက်ယူ
နားထောင်လိုက်သည်။
ဟဲလို
နားထဲတွင် ဖြူနှင်းဝေ၏
ကို ကြားလိုက်ရသည်။ ဘာစကားတော့
မပြောဖူးသော ကိုရွှေကို
ပြောမည်ဟူ ဖုန်းသံကြားပြီးမှ
မတွေ့ရအောင် ဖြစ်နေပြန်၏။
ဟဲလို
ရှင်
၉၉
တစ်ဖက်မှ ဖြူနှင်းဝေက မကြားဘူး ဘာထပ်ပြောင်
ထပ်ထူး ပြန်သည်။ ကျော်ဇော်ဝင် ဖုန်းခွက်ကို
ကိုင်ရင်း တုန်တုန်ယင်ယင် ဖြစ်လာသဖြင့်
ဘာမှ မပြောတော့ဘဲ - ဖုန်းခွက်ကို ပြန်ချလိုက်လေ၏။


မြနှင်းဝေ အမူကြောင်ကြောင်ဖြစ်သွား သည်။ တစ်ဘက်မှ ဘာမှမပြောဘဲ ဖုန်းချသွားသဖြင့် သူလည်း ဖုန်းကို ပြန်တင်လိုက်ပါ၏။
ကျော်ဝင်း တယ်လီဖုန်း အနားမှ မခွာ သေးဘဲ စိုပြ ထွက်လာသော ချွေးတို့ကို လက်ပဝါဖြင့် သုတ်လိုက်ပါ၏။ ရင်မှာလည်း တဒိန်းဒိန်း ခုန် နေသည်။
နောက် အားကိုတင်းလိုက်ပြန်သည်။ ရင်တွင် မျိုသိပ်ခဲ့သော စကား။ သည်စကားကို သူမနှင့် ပြောဖို့ ကြိုးစားခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း သတ္တိက မွေးလို့ မရ ဖြစ်နေသည်မှာ ဒီမျှကြာခဲ့ပြီ ဖြစ်ရာ - ဒီတစ်ကြိမ်တော့ ပြောဖြစ်အောင် ပြော တော့မည်ဟု ဖုန်းခွက်ကို ပြန်ကိုင်လိုက်ပြန်ပါ၏။
ဒါတောင် လက်က နံပါတ်လေးများကို မနှိပ်ရသေး။ နောက် အတော်ကြာမှ ကောင်း ကြောက်လုံးကို အသာ နှိပ်ချ လိုက်သည်။


တယ်လီဖုန်းက မြည်လာပြန်သဖြင့်
ဖြူနှင်းဝေ မျက်မှောင်ကြုတ်ကာ
ဖုန်းကို ကြည့်လိုက်၏။
ဖုန်းက ဆက်မြည်နေသဖြင့်
ကောက်ကိုင် ကြည့်လိုက်၏။
ဟလို
တစ်ဘက်မှ အသံမှ မကြားရ။
ဟယ်လို ပြောပါ ရှင်
ဟယ်လို
ကျယ်ကျယ်လေး ရှူထွက်
လာသော ဖြူနှင်းဝေ အာသံကြောင့်
ကျော်ဂေါင် လန့်သွားပြန်သည်။
အားတင်း၍ စိတ်ကို ထိန်းပြီး
ထားပြန်၏။ အိုဝင်သမီးက
ပျော့ပြုပ် ဖြစ်သွားလေသလားလည်း
အသံက ထွက်မလာပါ။
နောက်ဆုံး ဖြူနှင်းဝေ စိတ်မရှည်
တော့။ ဖုန်းကို ပစ်ချလိုက်
တော့၏။


ဘယ်ကလဲ သမီး
မသိပါဘူး အမေရယ်.. နှစ်ခါရှိပြီ ဖုန်းခေါ်ပြီးမှ ဘာမှလဲ မပြောဘူး
နိုင့် အစ်ကိုတော် ဆီက ဖြစ်နေပါဦး မယ်
မဟုတ်ပါဘူး အမေရဲ့ သမီး ထူးပြီး အကြာကြီး ကိုင်စောင့်နေသေး တယ်... ပြီးတော့ ကိုဇော်ဆီက လာရင် ညဦးပိုင်းမှ လာတတ် တာပါ
ကျော်တိုင် ဖုန်းချက်ကို ယခုထိ ဖြုတ်မချ ဖြစ်သေး ။ ငိုင်တွေလျက် ကိုယ့်ဘာသာ ကိုယ် အားမလို အားမရ ဖြစ်နေ၏ ။


ကားသံကြောင့် စိုင်း လှမ်းကြည့်
လိုက်တော့ ဆလွန်းကား
အသစ်ကလေး နှင့် ဖြူနှင်းဝေ
ဖြူနှင်းဝေ က ကားကို ကိုယ်တိုင် မောင်းလာ သဖြင့် စိုင်း တအံ့တဩ ဖြစ်နေသည်။
ဟော... စိုင်း လာလေ ဟယ်
ဖြူနှင်းဝေ...


ဘာလဲ နင် အံ့ဩ နေတာလား ကိုကြီး ငါ ကျောင်းတက်ဖို့ ကား ဝယ်ပါ ဆိုပြီး ပူဆာတာနဲ့ တစ်နေ့ကပဲ ဝယ်လိုက် တာ .. ကံလည်းပါသွားရ အောင်
ကျောင်းချိန် စောပါသေး တယ်
ဝင်စရာ.. ရှိသေးတယ်ဟဲ့ လှပါဟာ အထက်အစား လဲ
စိုင်း ကယုန်းကတန်း အထက်အစား လဲပြီး ကျောင်းလွယ်အိတ်ဆွဲကာ ထွက်လာတော့ ဖြူနှင်းဝေက ကား ရှေ့ခန်းတံခါး ဖွင့်ပေးသည်။
ကားထဲ ဝင်ထိုင်လိုက်တော့ ဖြူနှင်းဝေဆီမှ သင်းသောရနံ့ က ရင်ကို လှိုက်ဖိုသွား အောင် ဆီးကြိုနေသည်။
နင် တော်တော် ပြောင်းသွားတာနော် ပြီလား


ဟုတ်မှလည်း လုပ်ပါ ဟာ
ငါ ကျောင်း ပိတ်ရက်တည်းက သင်ထားတာ လိုင်စင် တောင်.. ရနေပြီ နင်က ငါ့ကို မယုံလို့လား
မဟုတ်ပါဘူးဟာ.. အဖေ့.အကြံ့သိပ်ဆိုးတာ မြို့ထဲ မောင်းတော့ အန္တရာယ် ဖြစ်မှာစိုးလို့ ပါ...
ငါနဲ့ အတူ နှစ်ယောက်တည်း ဖြစ် တာပဲ.. သေရင်တောင် အတူ မသေရဘူးလား
ဖြူနှင်းဝေ အသံက ကြည် ပြီး မျက်ဝန်းများလည်း တလက်လက် တောက်ပနေပေ
ဝိုင်းကာဖြိုး၏ ဖြူနှင်းဝေကို ရှေ့သို့ ကြည့်တော့ ဖြူနှင်းဝေ ကျေနပ်သွားသည်.



မကြာမီမှာပင် ကားလေးက သပ်ရပ် ခန့်ညားသော ဆိုင်တစ်ဆိုင် ရှေ့တွင် ရပ်လိုက်ပြီး ဖြူနှင်းဝေ ကားပေါ်မှ ဆင်း၏။
လာလေ စိုင်း၊ နင့်ကို ကျွေးချင်လို့ ငါ ဒီကို ခေါ်လာတာ...
ဟာ... တယ်ဟုတ်ပါလား နင့် မွေးနေ့လား ဟင်
ဖြူနှင်းဝေ က ပြုံးလျက် ဘာမှ ပြန်မပြောဘဲ စိုင်းကို ခေါ်ကာ နှစ်ဦးသား ဆိုင်ထဲ ဝင်လာ၏။
ဆိုင်က ကော်ဖီဆိုင် ဖြစ်သော်လည်း ကွတ်မီ သားနား ပြည့်စုံ၏။ စားပွဲ များက တူညီ ဝတ်စုံနှင့် သေသပ် ယဉ်ကျေး၏။ နံနက်စာ အတွက် တရုတ်စတိုင် ဂျပန်စတိုင် မုန့်များ လည်း အခင်းဖြင့် လှသည်ဖြစ်ရာ
၁၀၆
မြင်ရုံနှင့်ပင် စားချင့်စဖွယ် ဖြစ်နေတော့၏။ စားပွဲပြည့်မျှ စားသောက်ဖွယ်တို့ကို ချပြီးသော အခါ ဖြူနှင်းဝေ က ဆိုင်၏ ကြော်ငြာကပ်ပြားလေး တစ်ခုကို စိုင်း အား ပေး၍ ပြ၏။ စိုင်း ဖတ်ကြည့်လိုက်သော်။



သူ့ ကြော်ငြာလေးက ကောင်းတယ်နော်… ဖြူနှင်းဝေက ချောနေ့ လား
ဟင့်အင်း
ဒါဖြင့် သူငယ်ချင်းတို့ တွေ့ဆုံပွဲ
အို.. မိုင်းနဲ့ငါနဲ့က နေ့တိုင်းလို တွေ့နေကြပါဟာ..
ဒါဖြင့် ဖိတ်ခေါ်တို့ ရဲ့ ဒုတိယအကြိမ်ပွဲ… အင်း ဒီလည်းဖူး မဖြစ်နိုင်ဘူး ဖြူနှင်းဝေနဲ့ ငါက.. ဒုတိယအကြိမ်ရော ကိစ္စမှ မရှိသေးတာ…


စိုင်းက ဖောက်ကာ
နှစ်ကြောင်းကို
အသံမထွက်ဘဲ
ဖတ်ကြည့်လိုက်၏။
ချစ်သူဖြစ်တဲ့
အထိမ်းအမှတ်
ပွဲ...
နောက်...
တစ်ခုက။
ချစ်သူ
ဖြစ်ပြီးသူကို
ဧည့်ခံပွဲ
စိုင်း အံ့ဩသလို ဖြစ်ကာ ဖြူနှင်းဝေ
ကြည့်လိုက်၏။
ဖြူနှင်းဝေက နိုင်လွန်ပုဇွန်ကြော်လေး
တစ်တုံးကို တူနှင့် ညှပ်ကာ စိုင်းကို
လှမ်းခွံ့၏။ စိုင်းက အလိုက်သင့်ပင်
ပါးစပ် ဟ ပေးလိုက်သည်။
ထို့နောက် စားပွဲပေါ်တင်ထားသော
ဖြူနှင်းဝေ၏ လက်ကလေး တစ်ဖက်ကို
သူ့လက်ဖြင့် အသာအယာ အုပ်ကာ
ကိုင်လိုက်သည်။


ပွဲမှာသင် ဆိုင်းဝိုင်းတွင်းမှ တိုးတိုးညင်သာ
ညောင်းသော ဂီတသံလေး တစ်ခုက
ပျံ့လွင့်လာသည်။ ဘိုဘိုနှင့်ကော်နီတို့
ထိသိထားသည့် မြတ်နိုးခြင်းမိုးတိမ်..
မျက်ဝန်းလေး ထဲ မှာ ရေးဖွဲ့ထားသော ရင် ခုန် မြတ် နိုး ခြင်း....
အချစ် သီချင်းလေး...များစွာ.....
နှင်းကို ပေးသော ရင်ခုန်မြတ်နိုးခြင်း သူ့လက်မှာ ချောလှင့်မိ ဘယ်သူ့ကြောင့်ပါ မြေမှိုင်မလား
မြင်သာစွာ ရွှေလျားနေသော မိုးမြို့ မိုးသားများ
ကွင်းပြင်အဆုံး ပင်္ဂုဏ်ဝေး ထိပ်တွင် ဖြာဖျောင်
လျက် ပြိုကျကာ.. မြေပြင်နှင့် ကျူးလွန်နေလေ၏


ဖြူဖျင်သမ်းသော နေခြည်တန်းသည် မိုးသားထု မည်းမှောင်ပြာကြားမှ အပေါက်ရှာ တိုးထွက်လျက် နေရာ တချို့ကို မီးမောင်း ထိုးပြ သလို သွယ်တန်းကာ ဖြာ ကျနေ၏.
မျှော်လင့်ခြင်း တစ်ခုလို... နော် ဖမ်းစားထားတယ် ရင်ခုန်မြတ်နိုးခြင်း။
အို.. .. .. .. ပန်းကလေး ... တစ်ပွင့်လို .. ... လန်းဆန်းသွင်ပေးဦး ရင်ခုန်မြတ်နိုးခြင်း
တို့နှစ်ယောက် ထော.. စွဲလန်းရင်း ရူးနေတုန်းပဲ... ဖမ်းဆုပ်မရ .. တို့လက်နှစ်ဘက်ဟာ မခိုင်မြဲခြင်း.. ...
အနမ်းကလေးတွေ ရှိုက်ဖူး... .. .. သိမ်းထားတယ် မနွမ်းသေးဘူး။
လတ်ဆတ်ဝင်းဖြာသော မိုးသက်လေနှင့် ကျယ်ပြန့်သော ကွင်းပြင် ကားလေးတစ်စီးနှင့် နှစ်ဦးတည်းသော ချစ်သူ ဝိုင်းနှင့် ဖြူနှင်းဝေ ရွှေးယုံခြင်း ရင်ခုန်ရခြင်း လှပတကျကြွယ်ရာ နေ့ရက်....



စိုး..စိုး...
ဗျာ...
အမလေး
နင့်နှယ်ကြောက်လိုက်
ရတာ ဟယ်
ရှင်ကြွေခြင်း
လာလေဟာ
အဖေါ်ရော
အမေ ရှိတယ်
မီးဖိုထဲမှာ
ရှင်ကြွေခြင်း က စိုး ဖိုးဘနှစ်ပါးအနက်
တစ်ဦးဦး ဖြစ်ချင် အိမ်ပေါ်တက်ခဲ့သည်ဟု
မီးဖိုခန်းမှ ပေါ်ပြတ်လေး ထွက်လာမှ
အိမ်ပေါ်တက်ခဲ့လေသည်။


ဟော… သမီး ရှင်ခြောင်း ဘာတွေလဲ ကြည့်…
အဒေါ် ပို့ အမေ ပေးလိုက်တာ လက်ဖက် အကြော်စုံ တဲ့
အေးပေါ့ ငါ တောင်… လက်ဖက် မစားရတာ ကြာပြီ
နင်မှ အိမ်မှာ မရှိဘဲ.. ငါ ခဏခဏ လာပါတယ်.. အခုတောင် နင့်ကို တော်တော် ကြာ ရတယ် မတွေ့တာ
အေးပါတယ် ဘာလဲ ထိုင်ခုံဖြတ်နိုးခြင်း ဆိုလား ဘာလား အဲဒီ သီချင်းပဲ ခဏခဏ ဖွင့် နေတာ.. သူ့ အသံနဲ့ သူ ဘာမှ မကြားဘူး
ရှင်ခြောင်း ကစိုင်းကို မသင်္ကာသလို ကြည့်
၁၁၂
ရင်ခုန်ဖြတ်နိုးခြင်းပါ အမေရာ
အရင်က နင် သီချင်း မကြိုက်ပါ လက်ဖက်ရည်ဆိုင် သီချင်းဖွင့်ရင် မထိုင် ဆို


ရှင်ခြောင်း ကလေးညီး ဟာ.. ရှုပ်ပါ နည်းနည်း ပါးပါး တော့ အပြောင်း အလဲတော့ ရှိမှာပေါ့
ရှုပ်လား စိတ်ကော.. .. မပြောင်းလဲဘူး လား
ဘာဖြစ်လို့ လဲ.. ...
မသိဘူးလေ ငါတို့ဘက် နှင် ခြေဦး မရှေ့ညွှတ်တာ ဘယ်လောက် ကြာပြီလဲ...
ခိုင်း မလုံမလဲဖြင့် ရှင်ခြောင်းကို ကြည့်မိ၏ ခြေရှည်ယဉ် ဝင်းညက် သနပ်စင်သည့် မိန်းကလေး ချိုးချိုးလေး ထက် သယ်ပိုသယ် ရပ်ရပ်လေး နေတတ်သူမို့ ကျောက်ကျောက်လေး လှနေသည့် ရှင်ခြောင်း ...
ခိုင်း ရှင်ကို လျှပ်ပေါ်စေသည့် ရှင်ခြောင်း..... သည့် ရှင်ခြောင်းကို မေ့နိုင်စေဖို့ ဖြန့်ခြင်းတေ ကို ရှင်ခွင်ထဲ သွင်းကြည့်ခဲ့လေသည်။ ဖြင့်သည့် ခဏ ရှင်ကို လျှပ်ရှားဖြန့်ပေ သော ရှင်ခြောင်း.....


ငါ လာဖို့ မလိုတော့ဘူး လား လို့ပါ
ရှင်ဖြောင်း မျက်နှာ ညှိုးခနဲ တစ်ချက်ဖြစ်သွားသည်၊ ထို့နောက် ဝိုင်း အနီးတိုးက
ဟင်.. ဘယ်... ဘယ်လို အကြောင်း ကြောင့် ဒီလိုမျိုး ပြော ရတာလဲ ဝိုင်း
ကဲ ထိုင်စမ်းပါဦး ဝိုင်း ရယ်.. နင် ပြောတဲ့ အဓိပ္ပါယ်ကို ငါ နားမလည်ဘူး
ဟို.. ဟိုဟာ.. နင်နဲ့ ကျောက်ဝေါင်က မေ ဂျာနယ်လစ် ဖြစ်လည်း အတူတူ အတန်းလည်း အတူတူ အဲဒီတော့ ကျောင်းကိစ္စ စာ ကိစ္စ တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်နေတယ် မဟုတ်လား
ငါလာတော့ ငါက.. ဘာမှ နားမလည်ဘဲ ပဲ.. ဘာမှ လည်း မပြောတတ်


ငါတို့ တစ်တွေဟာ... သူငယ်ချင်းတွေဆိုတာ ဘယ်သွားထားမှာလဲ.. တခြားလူမှုရေး ကိစ္စတွေ ဘယ်သွားထားမှာလဲ... ဘာတန်းမဝင် စာမဝင်တာ နဲ့.. မပေါင်းရတော့ ဘူးလား
စိုင်း ဘာမှ မပြောဖြစ် ရင်ငြိမ်နှောင်း မျက်နှာကိုသာ ငေးကြည့်နေမိ၏။
ငါတို့ သူငယ်ချင်း လေးယောက်ထဲမှာ ငါက အနွမ်းပါးဆုံးပဲ.. စိုင်း ငါ ဘာလို့ ဒီလောက်ကြိုးစား ရတာလဲဆိုရင် ငါ့မိသားစု ဘဝကို မြှင့်တင်ချင်လွန်း လို့.
ငါ
ကလွဲရင် တွေ့စရာ ဆုံစရာ ပြောစရာ ဆိုစရာဟာ ဒီ သူငယ်ချင်းတွေပဲရှိ တာ...
စိုင်း ရင်တွင် ရင်ငြိမ်နှောင်း စကား ထိရိုက်သွားသည် အမှန်။ တကယ်လည်း သူ ရင်ငြိမ်နှောင်းထံ မရောက်သည်မှာ ကြာခဲ့ပြီပဲ။


မင်း သူ့ဆီ မရောက်တာ ရှင်မြောင်းက ငါ့ကိုလည်း ပြောတယ်
လက်ဖက်ရည်ဆိုင် တစ်ဆိုင်လုံး ရှင်းလင်း တိတ်ဆိတ် နေသည်မို့ ခပ်တိုးတိုး ပြောသော စကားသံသည်ပင် တော်တော်ကျယ် သွားသည်ဟု ထင်ရ၏
မနေ့က ရှင်မြောင်း လာ သွားတယ်
မင်း ကလည်း ဟုတ်တာပဲ.. အိမ်ချင်း နီးနေတာတောင် မရောက် ဘူး
စိုင်း ဘာမှ ပြန်မပြောဘဲ လက်ဖက်ရည်ကို တစ်ကျိုက် ယူ သောက်လိုက်၏
ဖြူနှင်းဝေ ဆီတော့ မကြာခဏ ရောက်တယ်... မဟုတ်လား
သူနဲ့ ငါက ကျောင်းအတူ တက်ရတာ ဆို တော့
အင်း ဟုတ်ပါတယ် အဲဒါ ထားပါ.. ငါ မင်း ဆီလာတာလဲ ဖြူနှင်းဝေ ကိစ္စ ပြောချင်လို့
၁၁၆


ကျော်ဇော်ဝင်းက လက်ကာပြီး သူ့စကားကို ဆက်ပြောသည်။ အမှုအရာကလည်း ခါတိုင်းလို မဟုတ်။ ပျာယီးပျာယာနှင့် တစ်ခုခု စိတ်စောနေပုံရသည်။
ငါလည်း ... ရှိ တယ်
ငါ အရင် ပြောမယ်ကွာ မင်း နားထောင်ပြီး ပြီးတော့ မင်း ဆီက အကြံဉာဏ်လည်း တောင်းရမယ် အကူအညီ လည်း တောင်းရမယ်
ဟဲ ဒါဆိုလည်း ပြောကွာ
ဟို အရင် တန်ဆောင်တိုင် ပွဲတော်ညကို မင်း သတိရသေးလား.. အဲဒီညမှာပါ.. ငါတို့ ထိုင်ကြ တာလေ.....
ဘာလဲကွ မင်း ဟာက
၁၁၇
နားထောင်ကွာ ဟဲ.. အဲဒီညမှာ ဖိုးလမင်းကြီး ကို ကြည့်ပြီး ငါ မျက်နှာ တစ်ခုကို မြင်တယ် ဆိုတာလေ


ဆနိ ပွတ်တိတ့် အဘိုးအိုသို့ ငါ ပြောခဲ့တာ မဟုတ် လား
မင်း ဟာက လည်း သံသ ရှည်လှချည် ကွ
မိုင်း က စိတ်မရှည်စွာ ပြောသော်လည်း ကျော်ဇော်က ဂရုမထား သူ့အတွက် အလွန့်အမင်း အရေးကြီးနေသည့် ကိစ္စမို့ စကား ဖြတ်ချင်ပုံလည်း မရ။
အဲ.. အဲဒီ.. ဟာ ငါ ကျွ.. ငါလေ.. ဟို ဖြူနှင်းဝေ သီ ဖုန်းဆက် တယ် တစ်နေ့က
ဟုတ်တယ် ဟုတ်တယ် ဖြူးဝေ့ ဆော့ ခဝယ်တနင်း ပြေကာနီး ဘုရားမှာ ငါ ဆု တစ်ခု ပိုတောင်းတယ် ဆိုတာ
၁၁၈
ကျော်ဇော်ရာ မင်း ဟာက ဘာ ပြော ချင်တာတုန်း ငါ တော့ ဆက်စပ်လို့တောင် မရတော့ဘူး







ပြောမည် ပြောတော့ ကျောက်ဂေါင် တရစ်ပေ ပြောချလိုက်သည်။
ရှေ့နောက် မမှန် အဓိပ္ပာယ် မကျသော်လည်း ကျောက်ဂေါင်
ရင်မှ ဝေဒနာကိုတော့ ရှင်းရှင်းကြီး လှစ်ဟ ပြသလို ဖြစ်ရ၏။


စိုင်း ထိတ်လန့် အံ့သြစွာ ကျော်ဝေါင့်ကို ကြည့်မိသည်။
ငါ...ငါ သူ့ကို သိပ်ချစ်တယ်ကွာ..စိုင်းရာ ငါ အိပ်မက်လေသည်း သဘောတူတယ် ယုံလောက်ကဆို ငါနဲ့ သူ့ကို အဖြစ်စတယ်
ငါ ချစ်တယ် ကွာ.. ငါ ချစ်တာကို ပြောချင်တယ် ကွာ...
ကျော်ဝေါင် ပြောလေသည်။ ပြောရင်း မျက်မှန်ကို လည်း သုတ်ပေ၏။ စိုင်းကိုလည်း ကြည့်၏။
ထိုနောက် ပုန်းသက်သော နေ့က သူ့ အဖြစ်ကို ပြန်ပြောပြ၏။ သာမန်ဆို စိုင်း ရယ်မိမည်။ ဖြစ်သော်လည်း ယခုတော့ စိုင်း မရယ်နိုင် ကျော်ဝေါင့် အမူအရာနှင့် ပုံစံက ဖြူနွမ်းထဲ ဘယ်လောက် အလေးအနက်ထားသည်ကို မြင်ရ၏ ဖြစ်၏။


သွင့် ဖြူနှင်းဝေ ချစ်သူဘဝ ရောက်ခဲ့သည်မှာ မနေ့က
တယ်ကနေ့ဘယ်လို ချစ်သူတွေ ဖြစ်သွားကြသနည်း
သူ ဖြူနှင်းဝေ ကို ရွှန်းရွှန်းလန်းလန်း မြင်ခဲ့ဖူးပါသလား
ယခု ကျော်ကြောင် ပြောပြသည်ထက် တစ်ဝက်မျှလောက်
ကောင်း ဖြူနှင်းဝေ အပေါ်ကို သူ စိတ်ဝင်စားခဲ့ပါလား
သူသည် ဖြူနှင်းဝေကို ချစ်ရသူလို့ သတ်မှတ်ခြင်း မရှိသော်လည်း ချစ်နိုင်သူ တစ်ယောက် ဖြစ်သည်ကို ချစ်သူတွေ ဘဝ လှေယာဉ်ကူးမှာ ရောက်ခဲ့ကြခြင်း ဖြစ်နိုင်၏။
အဲ.. အဲဒါကွာ မိုင်း.. ရာ
ဟောကောင် မင်းကလည်း ဘာငိုင်နေတာလဲ.. ဒီမှာ မှိုင်းချောက်ခြောက်နေရတဲ့ အထဲ.. နည်းနည်းပါးပါး စဉ်းစားပေးစမ်းပါဟ
မင်း ရင်ထဲက မင်း ခံစားနေရတာပါ ကွာ.. မင်း ပွင့်ပြောပေါ့
ဟ တယ်လီဖုန်းနံ တောင် မပြောရဲတာကွာ မျက်နှာချင်း ဆိုင် ဆို ပို ဆိုးမှာပေါ့



အဲဒီလိုဆို
စာနဲ့ရေးကွာ
ကျော်ဒေါင်ကို သူ့အကြောင်း ဖွင့်
ပြောဖို့ စိုင်း မပြောရက်အောင်
ဖြစ်ရသည်။ တကယ်ကြွနေသော
အားမာန် ပြည့်ဝနေသော ကျော်ဒေါင်
ကို သူ့ စကားတစ်ခွန်းကြောင့်
ပြိုလဲ ပျက်စီးသွားမှာ စိုးရိမ်ပါသည်။
ပြေပြစ်သော သင်ခြေလျော့အတိုင်း အချိန်ကလေးနှင့်
စီးလာသော ရေစီးကြောင်းသည် ရုတ်တရက် ကျောက်ဆောင်
တန်ကြီးနှင့် ဝင်တိုးမိသော အဖြစ်လို ကျော်ဒေါင်ကို
မဖြစ်စေလိုပါ။
ဖွင့်မပြောဘဲ နေပါတော့ ကွာဟု တားဆီး
တားမြစ်ခွင့် သူ့တွင် ရှိပါသလား။ သူ့
သဘော သူ ဖွင့်ပြောခြင်းသည် သူနှင့် သာ
ဆိုင်သည်။ သူငယ်ချင်း တစ်ယောက်
အနေနှင့်တော့ မင်း ကြိုက်သလို မင်း
လုပ်ကွာ လို့တော့ - မျက်နှာလွှဲ ခဲပစ် သူ
လုပ်လို့တော့ ကောင်းမလား။
ကျော်ဒေါင် အဖြစ်ထက် သူ့ အဖြစ်က
ပိုဆိုးနေပြီလား။
အေး ကွာ စာရေးပြီး
ပေးတာ ပိုကောင်းမယ် -
အင်း ငါ ဒီ အတိုင်းကြီး တော့
ပေးရဲမှာ မဟုတ်ဘူး
ကွ မင်း ပေး..ပေးမလား


ဟာ… မင်းကလဲ
ဗိုင်း.. တွန့်ခနဲ ဖြစ်သွားသည်။ သည်ပြဿထိတော့ သူ့ပါဝင်လို့ မသင့်။
အေးကွာ ဟုတ်တယ် မင်း ပေး..ပေးလို့လည်း မကောင်းဘူး ဒါပြီး… မင်း ပေးတယ် ထင်သွား ဦးမယ်
ဒါ..ဟုတ်ပြီ ဟုတ်ပြီ.. စာအုပ်တစ်အုပ်ထဲ ညှပ်ပြီး ပေးထားခဲ့မယ်… ဒါပေမယ့် ငါက စာ မရေးတတ် ဘူးကွ.. မင်းက မြန်မာစာ ဂုဏ်ထူးထွက်တာ မင်းပဲရေး ပေး
ဘာဆိုင်လဲ ကွ.. မြန်မာစာ ဂုဏ်ထူးနဲ့ ရည်းစား စာ
မင်း ခံစားချက်နဲ့ မင်း ရေးပေါ့ကွ
အရေးအသား အဖွဲ့အနွဲ့ဆိုတာ ရှိတယ်ကွ စာရေးတတ်တဲ့လူ ရေးတော့ ပိုပြီး ပေါက်လို့ ကောင်း တာပေါ့.. ငါတို့အကြောင်းလည်း မင်း သိနေတာပဲ.. မင်း ဝင်ခံစား ပြီး ရေးလို့ ရပါတယ် လုပ်ပါကွာ


ကျော်ဝင်းက စိုင်းကို မျက်နှာ
ပေါ်ကောင်းဖြင့် တကယ်ပင် ခခယယ
တောင်းပန်၏ ။ သူ့ အသံ အဝက်
တကယ့် အရေးတကြီး ကိစ္စလို
အသံတက်တက်ကလေးနှင့် ကြံ့တင်
စိုးတားကာ ထွက်ချက်နေ၏ ။
ငါ နက်ဖြန် လာ
ယူမယ်ကွာ စိုင်း..နော်
နောက် ငါတို့ လူကြီးတွေဖြစ်
သားတွေ သမီးတွေ ရတော့မှ
အဲဒီစာကို ဖြင်း ရေးပေးတဲ့
အကြောင်း ပြောပြပြီး
ရယ်ကြတာပေါ့



အသက်ဒိုဝါဆုံး ဒီလေ့ပါကို သူလုပ်နေ ချိန် ဖြစ်ကြောင်း စိုင်း သဘောပေါက် သော်လည်း သူ့အဖြစ်က သည်းလည်းရှုံး စားလည်း ကျူး မှို့ ဖျစ်ညှစ်ကာရေးနေ ရသည်။ နေ့လည် လောက်တွင် ကျော်ဝေါင် ရောက်လာသော်လည်း စာ က မပြီးသေး။
ကျော်ဝေါင်က လိုသည်ကို ပြော၍ ပြင်ဆိုက် ပြန်ရေးလိုက်ခြင်း စိုင်း ကျဉ်းကြပ်နေသလောက် ကျော်ဝေါင် တက်ကြွနေခဲ့ရာ နောက်ဆုံး စိုင်းဝေါစာကြမ်းကို ကျော်ဝေါင် အဆွေးကျေး၍ ပြီးသွားခဲ့လေသည်။
ဝေါင် စာရွက်ဝေါက်ကို ခါနဲ့ နယ်ကာ.... .
ကောင်းတယ်ကွာ ဒီစာကို ပတ်ပြီး ဖြန့်ချိ ဝေ တော့ ကြွသွားမှာပါ.. ကျေးဇူး အများကြီး တင်တယ်- သူငယ်ချင်း ငါ သွားမယ်နော်.. ဟို တခုပ်ပိတ်မှာ ညှပ်ပြီး ပေးလိုက်မယ်


ဖြိုးဝေ၊ မင်းက မသိချင်ယောင် ဆောင်ပြီး ဖြူနှင်းထက်ကို အကဲခတ်ပေးနော်
ကျော်ဝေါင်က တတွတ်တွတ် မှာနေသလို စိုင်း က ခေါင်း တဆတ်ဆတ် ညိတ်ပါသည်။
ကျော်ဝေါင် ရွှင်မြူးလျက် စက်ဘီး နင်းထွက်သွား သည်ပင်။
စိုင်း နေရာမှ ယခုဖြစ်စဉ်တို့ လွှင့်လျက် အတွေးကြီးသာ ငေးမောနေမိသည် ဖြစ်ပါသည်။


ကိုစိုင်း..
အစ်ကိုစိုင်း
အရေးတကြီး ခေါ်သံတစ်ခုက လျှပ်စီးလိုက်သလို ဖြစ်သွားသဖြင့် ခြံဝသို့ ကြည့်မိလေမှ နုရွှင်ပြောင်း မောင်လေး.. ဒေါင်ကြောင်ကို တွေ့လိုက်ရသည်။
ဟာ..
ဟင်.. မင်းအမေ ဘာဖြစ်လို့တုန်း
အမေ...ဆုံး.. ဆုံးပြီ.. ဗျ.. အဟင့် ဟင့်.. ဟင့်
ဟင်
အဲ.. အဲဒီ အစ်မက အစ်ကို စိုင်းကို ခေါ်.... ခေါ်ခိုင်းလိုက်လို့
အစ်ကိုစိုင်း လုပ်.. လုပ်ပါဦး ဗျ အမေ.. အမေ..
ဟာကွာ ဒုက္ခပဲ...
၁၂၇


အမောတကော ပြေးလာသော စိုင်း ရှင်ခြောင်းတို့
အိမ်ရောက်သော အိမ်နားနီးချင်း ဖိုးမကြီး
နှစ်ဦးနှင့် ဦးကြီးကျော် သာ ရှိသေးသည်။
ဦးကြီးကျော်နှင့် ရှင်ခြောင်းက ပေါ်နန်းဖြူ့ယဉ်ကို အိပ်ရာ
တင်၍ လူနာတင်ကား အလာကို စောင့်နေဆဲ ဖြစ်ရာ
ဖြူဖြူစင်ချင်း စိုင်းကို အခေါ်ရွတ်လိုက်ပုံရ၏။
ဘယ်လို ဖြစ်တာလဲဟာ
ဦးခြောက် သွေးကြော ပြတ်တာ ထင်တာပဲ၊ အိမ်မှာ အခင်းမှာ ရုတ်တရ လဲကျသွားတာ ဖြစ် ရှင်ခြောင်း ပြေးလာ သတိမရတော့
ဦးကြီးကျော်က ပြောပြ၏။ ရှင်ခြောင်း
မျက်လုံး အကြောင်သားနှင့် ငေးနေ
သူ့ ကြည့်ရသည်မှာ မျက်စိရှေ့မှ
အဖြစ်ကို မယုံနိုင်သေးသည့်ဖြစ်
၏။


ရှင်ခွှောင်း ရှင်ခွှောင်း
ဟင်
ခိုင်း
ခိုင်းက စိုးရိမ်စွာလှုပ်ရှားနေမှ ရှင်ခွှောင်း သတိဝင်လာသလို ဖြစ်ကာ ခိုင်းကို လှည့်ကြည့် ဖြစ်သည်။
ရှင်ခွှောင်းရာ မယုံနိုင်စရာ ကြီး..ဟာ
ထိုစဉ်မှာပင် လူနာတင်ကား ရောက် လာသဖြင့် ဦးကြီးကျော်ပင် ကြီးကြပ်၍ ကားပေါ်တင်ကြသည်။
၁၂၉
အသေရုံကားကို မြင်၍ ထင်ပေါ် လယ်ထဲမှ လူအတော် များများ ရောက်လာပြီး ဝိုင်းကြည့်ကြသည်။ ဦးကြီးကျော်နှင့် ဓော်ငိုးရင်း တစ်ဖွဲ့ပါလာကာ ကိုယောင်ကြီး တို့က အလောင်း သယ်ဆောင်သော ကားနှင့် အသေရုံကို လိုက်သွားသည်။


သည်အချိန်ကျမှ ရှိုက်သံ ထွက်လာသည်။
မိခင် ဆုံးပြီ ဆိုသော အသိ ရှင်ချောင်း ရင်ခွဲ
တကယ်ပဲ ဝင်သွားပြီ ထင်သည်။ ဘောင်ဘောင်
လည်း ငိုသံပါကြီးနှင့် သူ့ အစ်မကို
လှုပ်ကိုင်ကာ..... ......
အစ်မ..အစ်မ
အမေ မရှိတော့ဘူး
နော်.. အမေ.....
တကယ်ပဲမရှိတော့ဘူး
နော်--
ရှင်ချောင်း ဆုတ်ခဲ့ မပြောနိုင် ခေါင်းညိတ်
ပြရင်း ဘောင်ဘောင်ကို မချိတင်ကဲ ပက်
ဘောင်ဘောင် ကလည်း သူ့အစ်မကို
ပြန်ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြတော့
၏။
အုပ်မိုးကာ အေးမြမှုကို ပေး
ထားသော မေတ္တာရိပ် ထို
မေတ္တာရိပ် ပျောက်ဆုံး သွား
သည်နှင့် နေပူထောက်ကိုလည်း
ရှင်ချောင်းတို့ တိုက်ရိုက်ခံရတော့
မည်။ လေဒဏ်ကိုလည်း တိုက်ရိုက်
ခံရတော့မည်။
ပညာတစ်ပိုင်း တစ်စ အရွယ် မရောက်သေးသည့် မောင်ငယ် ဆွေမဲ့မျိုးမဲ့မှ မိဘပါ မဲ့ရပြီ
ဖြစ်သော ရှင်ချောင်း ။ ထိုအချိန်က ရှင်ချောင်းတို့ မောင်နှမ နှစ်ဦး ဖက်ငိုကြသော မြင်ကွင်းသည်
စိုင်း ရင်တွင် လည်းကောင်း မျက်ဝန်းတွင် လည်းကောင်း ဘယ်တော့မှ မေ့နိုင်တော့မည်
မဟုတ်သော မြင်ကွင်း ဖြစ်ခဲ့လေပြီ။


မနက်စောစောမှာပင်
ကျော်ဟိုင်နှင့် ဖြူနှင်းဝေ တို့ ရောက်သော
ကြသည်။ ကျော်ဟိုင်က စက်ဘီးနင်း၍
နှင်းဝေ က နောက်မှာ ထိုင်ကာ
ကျော်ဟိုင် ပခုံးကို ကိုင်ထားသည်။
ဗိုင်း ရယ် သူကတည်းက ဖုန်းဆက် လိုက်ရင် ပြီးရော.. ကျော်ဟိုင် အိမ်လည်း သွမ်း အကြောင်းကြားလို့ ရတာပေါ့
ဖြူနှင်းဝေ က စက်ဘီးပေါ်မှ ဆင်းပြီး
နိုင်း အနား ပြေးလာကာ ပြောလိုက်
သလို ကျော်ဟိုင် ကလည်း
စိတ်မကောင်းစွာဖြင့်
ဟုတ်ပါတယ် နှင်းနှောင်းရာ.. ငါတို့ သိရင်.. ညက လာ အိပ်ပါတယ်
ရှိပါတယ်ဟာ.. ဦးကြီး ကျော်ရော.. လူကြီးတွေရော အားလုံး လာလုပ်ပေးနေတာပေါ့


ရှင်ဖြောင်ငါ.. နင်ဘာမှ ဒီ့ဘားမေယပါနဲ့ နော်... သိတာ..လုပ်စရာ ရှိတာပြော... ငါတို့ လုပ်ပေးမယ်
ဖြူနှင်းဝေ စကားကြားတော့ ရှင်ဖြောင်း မျက်ရည်ဝဲပြန်ပါပြီ. သည်ဒီအချိန်တွင် ဒီဘား ပေး စကား ပြောတတ်သော သူငယ်ချင်း ဖြစ်သူ ဖြူနှင်းဝေ လက်ကို ဖျစ်ညှစ်၍ ဒီသိဒီအမှတ်ပြုလိုက်ပါသည်.
ထိုနေ့ညက ကျောင်းဝင်းနှင့် ဖြူနှင်းဝေ လုပ်စရာရှိသည်တို့ကို ဒီပိုရှိသမျှယ် နိုင်ခိုင်လုပ်ပေးကြသည်.
နာရေးအိမ်မှ ကိုင်းနှင့် ဖြူနှင်းဝေ မျက်လုံးချင်း ဆုံသည်မှ လွှဲ၍ ချစ်သူတို့ဘဝ မနေဖြစ် မပြောဖြစ် ထူးခြားသည်ကား ဖြူနှင်းဝေ မျက်ဝန်းတို့ တောက်ပရွှန်းလက်နေခြင်းပင်


ကာနီးကျတော့ ကျော်ဇော်ဝင်းက စိုင်း အနား
ကာ.. လေသံတိုးတိုးဖြင့်
စိုင်း ဖြူနှင်းထထ ကို ငါ စာပေးလိုက် ပြီ
အေး.. မနေ့က မင်းသီက အပြန်မှာပဲ ဝင်ပေး ခဲ့တာ.. အခု ဒီမနက်ကျတော့ ရှင်ပြောင်း အသေ သုံးတဲ့ အကြောင်း မှန်း သက်ပြီး လာနိုင်းလို့ ငါလာတာ သူ့ ကြည့်ရတာ မှုမပြောင်းဘူးကွ ငါ့ကို စိတ်ဆိုး ပုံလည်း မရှိဘူး... ငါ အခြေအနေ ကောင်းပြီ ထင်တယ်
အဲ..... ...ဟို
အခြေအနေလေကွာ အခြေအနေ ကောင်းမယ့် ပုံ ပဲဗျို့
အေး.. ဟုတ် ဟုတ်တယ်နော်


ရှင်နှောင်း နှင့် ဖြူနှင်းဝေ အနားရောက်လာသဖြင့် ကျော်ဝေါင် စကားဖြတ်၍ ဖြူနှင်းဝေကို စက်ဘီးနှင့်တင်၍ ပြန်သွားကြသည်။ ကျော်ဝေါင် ပြောသလိုပင် ဖြူနှင်းဝေ .. စိတ်ဆိုး ခြင်း စိတ်ကောက်ခြင်းတို့ မရှိသည်ဖြင့် မနေတတ်မထိုင်တတ် ရှက်ကိုး ရှက်ကန်း ပုံစံမျိုးလည်း မရှိ။ ထိုင်း ကို ရွှန်းလဲ့စွာ ကြည့်တတ်သလို ကျော်ဝေါင့်ကိုလည်း ကြည်ရွှင်စွာ ဆက်ဆံ၏။
ပြန်ခါနီး စက်ဘီးပေါ် ခိုတက်မှာပင် .. ကျော်ဝေါင့် ပခုံးကို ကိုင်၍ကာ တက်သွားခဲ့သည်။
၁၃၄
ရက်လည်ပြီးသည်အထိ ကျော်ဝေါင်နှင့် ဖြူနှင်းဝေ နေ့မဟုတ် ည တစ်ချိန်ချိန်၌ ရောက်လာတတ်သလို ရောက်လာတိုင်းလည်း ပြေပြေလည်လည် ရင်းရင်းနှီးနှီး မို့ ဖြူနှင်းဝေ သဘောကို ပိုင်း စဉ်းစားလို့ မရဖြစ်လာသည်။


စဉ်းစားသည် ဆိုတာထက် ဒီလူနဲ့ ကြုံခဲ့သက်
မဖြစ်ဘဲ ဘယ်လိုသဘောပေါက်ပါလိမ့် ဟူသည့်
အသင့်မှာယင်ပါပြီ။ ဝိုင်း တကယ် စဉ်းစား
နေမိသည်က ရှင်ချွေးခြင်း၏ ချစ်ရေးကိုသာ
ဖြစ်နေ၏။
ဖိုဝင်မြာ အဲဒါသောင်းကို ကားပေါ်တက်စဉ် ဒီလူ့နိုက ဖက်ကာငိုကြွေး
သော ရှင်ချွေးခြင်းတို့ မောင်နှံ့ယောက်ျ ချစ်ခြင်းကိုသာ ဖြင့်ပေးလောင်ပြီ
ချစ်သက်ရမည့် ရှင်ချွေးခြင်း ဘဝကို တွေးနေမိသည်။
ဟွာ..ဝိုင်း မပြန်သေးဘူး လား
ဟုတ်ကဲ့ ဦးကြီးကျော် ရှင်ချွေးခြင်းတို့ ယောင်နှံမ ပြင်ပြီးပြီ ဒီမြေပေါ် နေလို့ သူတို့ နိုးတော့မှပဲ ပြန်တော့မယ်
ဦးကြီးကျော်က... တစ်ပြန်နက်လုံး အိပ်မပျော်ဘဲ ဘုန်းကြီး
ကျောင်းကပါ်သည်မှ အခု ရောက်သည်များ ပြောခဲ့သည် အခုံး
သိပ်ကြီးလှပ်ချ် နေလေယ်တွင် မှားရပါ အသုံးပြုသော
အိုးချက် ပန်း ကန်များ ဘုန်းကြီးကျောင်းသို့ ပြန်ပို့ပြီး
ပြန်လာခြင်း ဖြစ်သည်။


အေးကွာ... ဒီမောင်နှမ ကံ ဆိုးပါတယ်
ဦးကြီးကျော်လည်း ပင်ပန်း နေပြီ... ခဏ ထိုင်ဦးလေ..
ရက်လည်ပြီးပြီမို့ အိမ်ထဲတွင် လူရှင်းနေကာ ဦးကြီးကျော်က.. ခုံတန်းရှည်တွင် ဝင်ထိုင်ပြီး ယပ်တောင်တစ်ချောင်းကို ယူကာ တဖျပ်ဖျပ်ခတ်နေသည်။
ရှင်ချောင်းက သေးတရှည်သွားပြီလ သက်တက်ဖို့ ဘယ် နှစ်နှစ် ကျန်သေး လဲ...
ပေါက်ကြောပါဦး ဆိုရင် ငါးနှစ်လောက် နေရဦးမယ်
အင်း.. ဒီငါးနှစ်ကို ကလေးမလေး ဘယ်လို ဖြတ်သန်း မလဲ.. ဈေးထဲက ဆိုင်ကို ဘယ်သူ ထိုင်မလဲ.. ဒီဆိုင်ကို ပိတ်လိုက် ရင် စားဖို့သောက်ဖို့ငွေ ဘယ်ကရမလဲ
ကျွန်တော်လည်း အဲဒါကို စဉ်းစားတယ်.. ဦးကြီးကျော် ပြီးတော့ ရှင် က.. သူ့တစ်ယောက်ထဲ မဟုတ်ဘူး သူ့မောင်လေး ဘဝကိုပါ.. မြင့်ချိုတာ..


ဒါကတော့ အာရှနဲ့ ကောင်းတဲ့ စိတ်ဓာတ်ပဲ ကွ.. ဒါပေမယ့် သူ့ တစ်ယောက်တည်း သရုပ်ဆောင် ဖြစ်အောင်တော့ ရှေ့ကို ဘယ်လို သတ်ကြမလဲ တချို့လူတွေများ အောက်ကျ ရှိတဲ့ ပိုက်ဆံကို ဘယ်လို အကျိုးရှိအောင် သုံးရမလဲ ဆိုတာ နားမလည်ကြဘူး အာဖျော်အပါးနဲ့ ရုပ်ဝတ္ထုတွေ အတွက်ပဲ အာရုံနှစ် နေကြတယ်
ရှင်မြှောင်းတို့ကျ တော့လည်း ပညာတစ်ရပ် ဘဝ တစ်ခုအတွက် ထိုက်သင့်တဲ့ အရင်းအနှီးလေး ကုန်ကျခံဖို့ အတွက်တောင် အခက်အခဲ ရှိနေတယ်
ဒီလေး ငါးနှစ်တာ စပိုက် စကားလေး မရှိတာနဲ့ ရှင်မြှောင်း သရုပ်ဆောင် မဖြစ်နိုင်တော့ဘူး ဆိုတာ တော့ ရင်နာစရာ ကောင်းပါတယ် ဦးကြီး ကျော်ရာ..
အင်း သေးသေး သေးသေး တစ်ရက်မှာတော့ ဒီကိစ္စကို ရှင်မြှောင်းနဲ့ မျက်နှာစုံညီ တိုင်ပင်ကြ တာပေါ့ကွာ..


မိုးရေစက်တို့က တံစက်မြိတ်တစ်လျှောက် တစ်ပေါက်ပေါက် စီးကျနေ၏။ မှုန်မှိုင်းကာ တဖွဲဖွဲ ရွာသောမိုးကြောင့် ရေမများ သော်လည်း အေးစိမ့်စိမ့်နှင့် တိတ်ဆိတ် နေသည်။
ရှင်အောင်၊ အကြည်လွင်တို့က အထားသို့ လှည့်မျှော်နေပြီး လှသောမျက်နှာလေး သည် ညှိုးလျော်သော်လည်း မာနကိုမူ တင်းထား၏။ အားလုံး အတွေး ကိုယ်စီနှင့် တိတ်ဆိတ်နေပြီး.. ဦးကြီး ကျော်က ချောင်းဟန့်သံ လေးကာ စကားကို ပြန်စသည်။
ဒီကိစ္စက အဘလေး အနက် ထားရမယ့် ကိစ္စပါ ရှင်အောင်း အမှန်ကတော့ ဆုံးဖြတ်ချက် ချနိုင်မှ ဖြစ်မယ် ဘာလို့လဲ.... ဆိုတော့ သမီး ဘဝ သမီးမောင်လေး ရဲ့ ဘဝ အပြင် မျိုးဆက်တစ်ခုလုံး ရဲ့ ဘဝနဲ့လည်း ဆိုင်တယ်လို့ ပြောလို့ရတယ်


ဟုတ်..ဟုတ်ပါတယ်
ဦးကြီးကျော်ရယ်.. လက်ရှိ ရှိနေတဲ့
အနေအထားကို စိတ်ချ မယ်ဆိုရင်
လက်တွေ့ကျကျ ကြည့်လိုက် အခုမှာ ဘာတွေ
လုပ်နိုင်သလဲ ဆိုတော့ သမီးမှာ ရော်လက်စ်
ကုန်ကျစရိတ်အပြီး ခြောက်ထောင် ဒေါ်လာနဲ့
ဝယ်ထားတဲ့ တစ်ချောင်းပဲ ရှိတော့တယ်...
ဈေးထဲမှာ လက်ဖက် ချင်း ပဲကြော်စုံ ရောင်း
တဲ့ ဆိုင်ခန်းလေး တစ်ခန်း ရှိတယ်.. ပျဉ်ထောင်
အိမ်အိုလေး တစ်လုံး ရှိတယ်
၁၃၉
အခုကျောင်းပြန်
တက်တဲ့နေ့မှာ စာအုပ်ဖိုး
လေးထောင်ကျော် သမီးကုန်
ရမယ်.. ဈေးထဲက ဆိုင်ခန်းကို
အပြတ် ရောင်းလိုက်ရင်တောင်
သမီးတို့ တစ်နှစ်စာပဲ
ဦးကြီးကျော်


ကျော်ဝေါင်က မျက်မှန်ကို ပင့်ကာ စိတ်မခံတော့ဘဲ ဖြင့် ဝင်ပြောသော်လည်း ရှင်ဒွေးက ဝေါင်းယံ ပြောသည်။
ငါတို့လည်း ဘဝတစ်ခုစီခွဲ့ ရှိပြီပဲ ယံ.. ရှင်ဒွေး အဲဒီစာအုပ်ကြီး ကို ငါ ပေးပါယံ ဒီလောက် ကိုတော့ ငါ မလက်ကို ပြောလို့ရပါတယ်
ကျေးဇူးတင်ပါတယ် ကျော်ဝေါင် နင် အဲဒီလို တောင်းပေးလည်း ခဏပါ ဟယ်.. ရေရှည်ဘယ်လိုမှ မလဲ.. ပြီးတော့ ငါ့အဖေ ဒါကော ယူသင့်လား
ငါကတော့ နင့်ကို ကျောင်းပြီး အောင်ပြီ ဆက်တက်စေချင် တယ်ဟာ..
ငါလည်း ဒီဟာကို တက်ချင်ပါတယ်.. ငါ... အဖေ့ရဲ့ ဖြစ်ချင်လွန်းလို့ ဘယ်လောက်ကြိုးစား ခဲ့တယ်ဆိုတာ.. နင် သိပါတယ်.. ဝိုင်း
၁၄၀


ဒါပေမယ့် ငါ့ အခြေအနေက
ကျောင်းပြီးအောင် တက်ချင်ရင် ဒီအိမ်နဲ့
ဒီမြို့ကို ရှောင်ဖို့ပဲ ရှိတယ် ဒါ.. ဒါကလည်း
ငါ့မိဘတွေ ကွယ်ကာပါစပြီး ဝယ်ခဲ့တာ..
လယ်မြေနဲ့ မေမေတို့ရဲ့ ကျွဲနွားတွေ ချွေးတွေနဲ့
တည်ဆောက်ထားခဲ့ကြတာ.. ငါ ဘယ်လိုမှ
မရောင်းနိုင်ဘူး.. အဲဒီတော့ ငါ ဘာလုပ်ရမလဲ
ငါ.. ငါ ကျောင်းထွက်ပြီး အဖေရဲ့ ဆိုင်ကိုထိုင်
ဈေးရောင်းပြီး ငါ မဖြစ်ခဲ့ရတဲ့ ဘဝကို
ငါ့ မောင်လေး ဖြစ်အောင်... အဟင့်...
ဟင့်.. ဟင့်...
ရဲမြွှောင်း ဆက်မပြောနိုင်တော့
ငိုရှိုက်သံတို့. ရောနှောကာ ပါးပြင်တစ်လျှောက်
မျက်ရည်များ လိမ့်ဆင်း လာတော့သည်.
မမြင်ရက်သော ဦးကြီးကျော်က
တစ်ဖက်သို့ မျက်နှာလွှဲလိုက်
သလို.... .
စိုင်း ကလည်း တောက်တစ်ချက်ကို
ခေါက်လိုက်မိလေသည်.
တောက်...
မင်းနဲ့ဟာ.. ရဲမြွှောင်း
မင်းနဲ့.
၁၄၃


နှင်း... နှင်း ကျောင်း
တက်ကို တက်ရမယ်
ဆရာဝန် ဖြစ်ကို ဖြစ်
ရမယ်...
စိုင်း အာသံက မိုးကြိုးပစ်သလို တင်းမာနေပြီး သံမဏိ ဓားသွားလို လည်း ပြတ်ရှ
နေ၏။ ထို့နောက် ထိုင်ရာမှ သတ်ခနဲ ထကာ အိမ်ပေါ်မှ ဒုန်း ဒုန်း ဒိုင်း ဒိုင်း
ဆင်းချသွားတော့သည်။
စိုင်း!!
ရှင်ခွေဒါးက လန့်ဖျပ်ကာ
လှမ်းခေါ်သလို ကျော်ဝင်း
လည်း အောက်ခေါ်ရင်း
နောက် ဆင်းပြေးလိုက်လာ၏။
ခြံပြင်လမ်းပေါ် ရောက်မှ စိုင်းကို
မီသဖြင့် ကျော်ဝင်း နှားမလည်
နိုင်စွာ စိုင်းကို ဖမ်းဆွဲသည်။


ဟော့ ဟော့ကောင်
ဘာ... ဘာလုပ်မှာလဲ..
မင်း..ဘာလုပ်မလို့
လဲ...
ဗိုင်း.. ကျော်ကြိုင် ဘက်ကို သတိခနဲ လှည့်
လိုက်. မျက်တွင်းများက တင်းတင်း စေ့ထားသည်.
မျက်လုံး ဒီခုံက တောက်ပ ရှုံ့ရှိနေသည်.
ငါ.. ရှင်ဖြောင်းကို
လက်ထပ်မယ်
ဘာ...
ကျော်ကြိုင် လန့်သွားသည်ထက်.. အံ့ဩသည်ထက် ပေါင်းက နောက်သို့
တစ်လှမ်း လှမ်းသွား၏.
မင်း......
ဘာ... ပြောတယ်
ငါ. ရှင်ဖြောင်းကို
လက်ထပ်မယ် ငါ သူ့ကို
ကျောင်းပြီးအောင်...
ဆရာဝန် ဖြစ်အောင်
တာဝန် ယူမယ်


ဘာ .. မင်း ...
မိန်းမ ယူမယ်
အရက်ဖြူနီနီလေး ရစ ဖြစ်နေသော ဦးခင်မောင် ကုလားထိုင်ပေါ်မှ
ဝုန်းခနဲ ထ ရပ်လိုက်သွားသလို သူ့မျက်နှာ နားကြားလွဲလေ
သလားဟူသည့် ဝေဝေဝါးဝါး ဖြစ်နေသည်.
မိန်းမ ယူမှာ
မဟုတ်ဘူး အဖေ...
ရှင်ခြောင်း ကို လက်ထပ်
မှာ ...
မဟုတ်ဘူး အဖေ
လုံးဝကို မဟုတ်ဘူး
ဟော.. ရှင်ခြောင်း ဟာ
မိန်းမ မဟုတ်ဘူးလား..
ရှင်ခြောင်း ကို လက်ထပ်တာ
မိန်းမ ယူတာ မဟုတ်ဘူး


ဘာလဲကွ အဲဒါတွေ ...ပါလဲ.. ကျောင်း မပြီးသေးဘူး ...မ ယူမလို့ ရှုပ်ပိုးထိုးနေတယ် ...မယူပြီး မင်း ဘာလုပ်စားမှာလဲ ...ကျောင်းပြီးအောင် ဘယ်လိုတက် ...ပဲ... မိဘကတော့ ငါ့သား ...ယူနီဗာစီ ကျောင်းသားကြီး ...ပြီး ကြွားလိုက်ရတာ တစ်နှစ်ပဲ ...တော့တယ်.. မိန်းမ ယူမလို့ တဲ့
ကျွန်တော် မိန်းမ ယူမှာ မဟုတ်ဘူး ရှင်ပြောင်း ကို လက်ထပ်မှာ လို့... အဖေ့ ကို ပြောတာပါ.. မိန်းမ ယူ တယ် ဆိုတာ.. ကြိုက်လို့ မခွဲနိုင်ကြလို့ အချိန်တန် အရွယ်ရောက်လို့ ဒါမှ မဟုတ် အဖေ ပြောသလို.. ရှုပ်ပိုးထိုး လို့
သား.. အခု ပြောတာက အဲဒီလို မဟုတ်ဘူး အဖေ ရှင်ပြောင်းကို လက်ထပ်မှာ တခြား မိန်းမတွေကို ယူတာ မဟုတ်ဘူး ဒီကလေးလည်း ရှင်ပြောင်းပါ ဘဝနဲ့ ကျွန်တော့် ဘဝအတွက် ရှင်ပြောင်း ဆေးကျောင်း ပြီးအောင် တက်ရမယ်
ကျွန်တော်က အဝေးသင် ပြောင်း မယ်


အဝေးသင် မှုကိုဘွဲ့ကြ
မင်း ဘယ်ပါကြွားမှာ
လဲ
ကျွန်တော် အင်ဂျင်နီယာ
လုပ်လို့ မဖြစ်ဘူး အဖေ
အဲဒါကို ကျွန်တော် စိတ်မဝင်စား
ဘူး .. အဲဒါကို ကျွန်တော့်
ကိုယ် ကျွန်တော် သိတယ်
ကျွန်တော် ဆက်တက်နေလည်း
စာမေးပွဲ ကျမှာပါ
ဒါ... မိုက်ဦးကွာ..
ဒါ..ကွာ..
စိတ်မထိန်းနိုင်သော ဦးဥင်ဖြော်
လက်က ဖြောက်တက်သွားပြီး
စိုင်း နားရင်းကို ရိုက်ချလိုက်၏ .
မူဝေ့သွားသော အဖြစ်နှင့် အတူ
စိုင်း တစ်ပတ်လည်ကာ ကြမ်းပြင်ပေါ်
လဲကျသွားသည် .


ကိုဝိုက် လွှတ်.. လွှတ်မယ် နော်...
မင်း သား ပြောတာ မင်း ကြားလား ကျောင်း ဆက်မတက် တော့ဘူး.. ဖြန်းမ ယူ မလို့တဲ့ ဟောကောင်...
မမြ နင်.. ဖယ်စမ်း
ရှင်.. မလုပ်ပါနဲ့ သားကို မရိုက်ပါနဲ့
သားရယ် နှင်းအောင်းကို အမေတို့လည်း ချစ်တာပါပဲ.. သားတို့ ကျောင်း ပြီးရင် အမေတို့ တောင်းရမ်း ပေးမှာပါ.. ကိုယ့် ကျောင်း ပြီးအောင်တော့ ကိုယ်တက် ကြ ဦး.. ပေါ့ သားရယ် နော်..


သား ရှင်းပြရင်လည်း အမေတို့ နားမလည်နိုင်ဘူး ဆိုတာ.. အမေတို့ ခေတ်မမီလို့ သားလောက် အတန်းပညာ မရှိလို့ အဲဒီလိုလည်း အတွေး မမှားပါနဲ့ အမေ... အမေတို့ သားကို ချစ်တဲ့ စိတ် အဲဒီ စိတ်ကြောင့် ကိုယ့်သား ဘက် တစ်ခုတည်း ကြည့်ပြီး အမေတို့ နားမလည်နိုင်မှာကို သား ပြောတာပါ..
အဲဒီတော့ သားကို ခွင့်လွှတ်ပါ အမေ....
စိုင်း လဲနေရာမှ အမေ့ကို မြှော်၍ ကုန်းထသည်။
တောက်.... ခွေးကောင် လူလို နားမလည်တဲ့ကောင် သွား .. သွားစမ်း.. ငါ့ အိမ်ပေါ်က ဆင်း သွား
သားကို ခွင့်လွှတ်ပါ အမေ သား အမှန်ကန်ဆုံးလို့ ဆုံးဖြတ် ခဲ့တာပါ အဲဒါကိုတော့ အမေ ယုံပါ...
သား.... ....သား


...နှင့် ရှင်ခြောင်းတို့ ရပ်ကွက်ရုံးမှာပင်
...လက်ထပ်လိုက်ကြသည်။ စိုင်း ဘက်က
...ကြီးကျော် လိုက်ပါ ဆောင်ရွက်သလို
...ရှင်ခြောင်း ဘက်မှ ကိုမောင်ကြီး တို့ ဇနီးမောင်နှံ
...လိုက်ပါ၏။
အသိသက်သေများ လက်မှတ်ထိုးပြီးသော
အခါ စိုင်းက လက်ထပ်စာချုပ် နှစ်စောင်ကို
နန္ဒာရှင်ခြောင်း ထံပေးပြီး...
ကိုမောင်ကြီးတို့နဲ့
ရှင်ခြောင်း မြို့လိုက်သွား
နော်... ဒီစာချုပ်တွေကို
လည်း ယူသွား ရှင်ခြောင်းပဲ
သိမ်း


စိုင်း... ဘာလုပ်ဦးမလို့ လဲ...
ဦးကြီးကျော်တို့ အိမ်ခဏ လိုက်သွားဦးမယ်
မင်းကလည်း ကွာ မင်္ဂလာဦးမှာ ဟိုသွားဒီသွား လုပ်မနေရဘူးကွ သတို့သမီး ပျင်းနေမှာပေါ့
ကိုမောင်ကြီးက စသော်လည်း ရှင်နှောင်း မပြုံးနိုင်သလို စိုင်းလည်း မရယ်နိုင်ပါ။
ရှင်နှောင်းတို့ ထွက်ခွာသွားသည်နှင့် စိုင်းနှင့် ဦးကြီးကျော်လည်း ရုံးအဆောက်အအုံငယ်မှ ထွက်ခဲ့ကြသည်။
၁၅၀
မောင်စိုင်းကို လူငယ်ပေမယ့် ဦးကြီးကျော် လေးစားပါတယ် ရိုးရင်းတဲ့ အလှူဒါန တစ်ခုကို တွေ့ရင် အနုမောဒနာ တရားဖြစ်ပေါ် ခံစားရသလို .... ဦးကြီးကျော် အခု ခံစားရပါတယ် ဒါဟာ သာမန်လူတွေ မလုပ်နိုင်တဲ့ ကိစ္စပဲ... စိုင်း



ကျွန်တော့်ကို အရှုံးလေသလား အထင်မကြီးပါနဲ့ ဦးကြီးကျော်.. ကျွန်တော် ဝါသနာမပါဘဲ သူများ ပေးလာလို့ လိုက်ဆောင်တဲ့ ဘာသာကို ဆက်တက်သင့် နေလဲဗျ ကျွန်တော် ယောင်မှာ မဟုတ်ဘူး
အဲဒီလိုတော့ ဦးကြီးကျော် မပြောသာဘူး ကွာ.. မင်း လိုပဲ ဝါသနာမပါ ပေမယ့် ကြိုးစားပြီး အင်ဂျင်နီယာ ဘွဲ့ ရသွားတဲ့ လူတွေ အများကြီး ရှိပါ တယ်
အောင်လေဗျာ ကျွန်တော်က အဲဒီပညာနဲ့ အလုပ်မှာ ထူးချွန်မှာ မဟုတ်ဘူး ဦးကြီးကျော်.... အဲဒါကို ကျွန်တော် ကိုယ်တိုင်ပဲ သိနေတယ်...
မင်း ငယ်ငယ်တုန်းက အင်ဂျင်နီယာ လုပ်ချင် တယ်လို့ ပြောခဲ့တာ လေ...
အဲဒါ အားကျတာ ဆရာဝန်လိုင်း အင်ဂျင်နီယာ လိုင်း က မြင့်တယ် အမှတ် များရမယ်.. ကျောင်းပြီးသွား ရင်လေဗျာ အလုပ်ကောင်းရ တယ် ဝင်ငွေကောင်းတယ် လူတွေက လေးစားတယ်... အဲဒါကို အားကျတာ - အားကျ တာနဲ့ ဝါသနာ ပါတာကို မခွဲခြားတတ်ခဲ့တာ..


တချို့ လူတွေကွာ
ဘာ ဝါသနာ ပါမှန်းလည်း
ကိုယ့် ကိုယ်ကို မသိဘူး ဘယ်
အလုပ်နဲ့ အသက်မွေး ရပ်တည်
ရမယ်ဆိုတာလည်း မစဉ်းစားခဲ့
ကြဘူး.. သူတို့ ရတဲ့ အမှတ်နဲ့
ဖိတဲ့ လိုင်းကို လိုက်သွားကြတာ
အဲဒီမှာ ဝရူးချုန်းသွားတဲ့ လူတွေ
အများကြီးကွ
အဲဒါက သူ့
စိတ်အခံက ရှင်းနေတာ ဝါသနာ
တစ်ခုခုက ရင်ထဲမှာ ဝင်ပြီး စွဲအောင်း
နေတာ.. မရှိဘူး ကိုယ်လုပ်တဲ့ အလုပ်
သင်တဲ့ ပညာရပ် အဲဒါကို အမြတ်နိုး
ထိတွေ့ အဲဒါကို အမြတ်နိုး ဖတ်မှတ်နေ
တော့ အဲဒီကျမှ အဲဒါကို ဝါသနာပါ
ဖြစ်သွားတာ...
ကျွန်တော့်မှာ အဖေက
အားနည်းချက်က အင်္ဂလိပ်စာ
ဦးကြီးကျော်.. အင်္ဂလိပ်စာမှာ
ကျွန်တော် အခြေခံ မကောင်းခဲ့ဘူး
အဲဒီမှာ ကျွန်တော် စိတ်မဝင်စားတဲ့
ပညာရပ်ကို ကျွန်တော် အားနည်းတဲ့
အင်္ဂလိပ်စာနဲ့ အများဆုံးသင်
နေရတာ..


ဒါဖြင့် မောင်စိုး က..
ကျွန်တော် မြန်မာစာ... ပြောင်းမယ်
ဦးကြီးကျော်က ခေါင်းတဆတ်ဆ ညိတ်ရင်း.
အသည် ရဲရေးကို အဓိက မထားဘူးဆိုရင်တော့ ကောင်းပါတယ်
ဟုတ်ကဲ့ ကျွန်တော်ရွေးသည် ဖြစ်တော့မှာပါ ဦးကြီးကျော်ရယ်
သတ္တိရှိတဲ့ မောင်စိုးဟာ... အခက်အခဲတွေကို ကျော်လွှားနိုင်မှာ ပဲ...
စွန့်လွှတ် စွန့်စားတယ် ဆိုတာတောင် ဘာမှ မသိဘဲ... လွှတ်တာက မိုက်ရူးရဲပြီး.. အကျိုး အကြောင်းကိုလည်း သိ တန်ဖိုးကို လည်း နားလည်ပြီး စွန့်လွှတ်တာက သတ္တိပဲ မောင်စိုး
လောလောဆယ် တော့ ဦးကြီးကျော်ကို အကူအညီတစ်ခု တောင်းရမယ်
ရပါတယ် ကွာ.. ဘာလိုလဲ ပြော


ဦးကြီးကျော် အိမ်မှာ ကျွန်တော် ညလာအိပ်ပါရစေ...
လာပါ မောင်စိုင်း တို့ အဘိုးကြီး အဘွားကြီး နှစ်ဦးပဲ ရှိတာ အပန်းမကြီး ပါဘူး... အခု မောင်စိုင်းကို ဦးကြီးကျော် တစ်ခု မေး မယ်...
၁၅၆
စိုင်းက လျှောက်လက်စ ခြေလှမ်းကို ရပ်ကာ ဦးကြီးကျော် ကို ကြည့်သည်။
ဦးကြီးကျော်လည်း စိုင်း နည်းတူ ရပ်ကာ စိုင်း ပခုံးကို ရင်းနှီးစွာ ကိုင်ရင်း
စိုင်း ဒီလို ဆုံးဖြတ်ပြီး လုပ်လိုက်တာ ရှင်ပြောင်း အပေါ်တကယ် မေတ္တာရှိ လို့လား ဆိုတာ ဦးကြီးကျော် သိချင်တယ်


ဦးကြီးကျော်က စကားကို တစ်လုံးချင်း
သားလေးနှင့် ဖြန့်ဖြန့် ပြောကာ
ဒါလေးဒါနက် မေးသည်.
ဟုတ်ပါတယ်.. ဦးကြီးကျော်...
သတ္တိဆိုတာ ချစ်ခြင်းမေတ္တာကြောင့်
ပေါက်ပွားတဲ့ အရာပါ.. လူမျိုးကို ချစ်တော့
မျိုးချစ်သတ္တိ ဖြစ်ပေါ်လာရတယ်.. တိုင်းပြည်
ကို ..ချစ်တော့ ပြည်ချစ်သတ္တိ ဖြစ်ပေါ်လာရ
တယ်.. တစ်ဦးတစ်ယောက်ကို ချစ်ရင် အဲဒီတစ်ဦး
တစ်ယောက်ကို ကာကွယ်ရတဲ့ ကာကွယ်ဖို့တဲ့
သတ္တိဖြစ်ရတာပါ.. ကျွန်တော် ရှင်ဒွောင်းကို
ငယ်ငယ်လေး ကတည်းက ချစ်ခဲ့ရတာပါ
ဦးကြီးကျော်.. ဒါပေမယ့် ဒီအကြောင်းကို
ရှင်ဒွောင်း မသိပါစေနဲ့
ရှင်ဒွောင်း ကရော....
စိုင်းက ခေါင်းကို အသာ ယမ်းပြလေသည်။


ကား တစ်စီးသည် ဘီးပေါက်ကာ
ကားလမ်း နံဘေးသို့ ဝင်ရပ်သွား
မိုးသည် ဆိုင်းမဆင့် ဗုံမပါ
သည်းသည်း ဖြိုင်း ဖြိုင်း ရွာချလာရာ..
လေသည် နောက်မှ ပါလာလျက်
နေရောင် ပျောက်ကာ ဒုံးမှိုင်းဖြ
မှောင် သွားလေသည်။
ရေတို့သည် မြင့်ရာမှ နိမ့်ရာသို့ တဝေါဝေါ စီးကျ
လာလေရာ ကားလမ်းသည် ချက်ချင်းပင်
ရေတို့ ပြည့်သွားပြီး ဒေါက်ထောက် ရပ်ထား
သော.. ဖြူနှင်းဝေ စက်ဘီးသည် ဖြေကျ၍
လှိုင်းခနဲ လဲကျသွားလေသည်။


စိုင်းနှင့် ဖြူနှင်းဝေ သည် မိုးရေထဲတွင် စိုက်ကြည့်ကာ ရပ်နေကြပြီး ဖြူနှင်းဝေ၏ ရင်သည် ဒေါသကြောင့် နိမ့်ချည်မြင့်ချည် လှုပ်ရှားနေ၏။
ပြောစမ်းပါ.. စိုင်း နင်.. နင်ဘာလို့ အဲလို လုပ်ခဲ့တာလဲ..ဟင်..ငါ့.. ငါ့ကို နင်ဘယ်လို သတ်မှတ်ခဲ့တာလဲ
ငါ..ဘာမှ ပြောစရာ မရှိဘူး ဖြူနှင်းဝေ...
ပြောစရာ မရှိဘူး ဟုတ်လား ငါ ငါ့နှလုံးသား ကို နင် ဖဲ့ယူပြီးမှ ရှင်ကြောင်း ကို လက်ဝေပါလိုက်တာ တောင် နင့်မှာ ပြောစရာ မရှိဘူး ဟုတ်လား


နှင်း.. ငါ့အပေါ် သစ္စာမဲ့တာ
ငါ့မေတ္တာကို စော်ကားတာ
ငါ ငါလေ နှင်း အပေါ် ဘယ်လောက်
မျှော်လင့်ချက် ထားခဲ့တယ်ဆိုတာ
နှင်း အသိဆုံး
တော်ပါတော့
မြနှင်းဝေ ဒီစကားလမ်း
ကို.. ဒီမှာတင် ရပ်ပြီး
ငါတို့ သူငယ်ချင်းတွေ
လို....
ဟာ.. ယောက်ျားစကား
ပြောစမ်းပါဟာ.. ရှုံ့ချည်
နှပ်ချည်နဲ့ ဒီကလေး
ကစားတာ မဟုတ်ဘူး
နှလုံးသား ကိစ္စ ဟာ
နှင်း ဘယ်လိုပဲ
သဘောနဲ့ ငါ့ကို သစ်စိမ်းချိုး
ချိုးတာလဲ.. ငါ့ မေတ္တာကို
စော်ကား ဝံ့တာလဲ


ဦးကျကာ သည်းနေသော မိုးသံလေသံ
များတွင် ဖြူနှင်းဝေက ပြင်းထန်စွာ
ကိုက်ခဲပြောနေရသဖြင့် အသံတို့သည်
တက်ကြွ တုန်ယင်နေသည်.
ကြီးလျှံသည်း မိုးရေတို့ ခြွဲခြွဲကျကာ သံပင်တို့သည် ဖွေးဖွေးမျက်နှာတို့တွင် ကယ်လျက် ရေတို့လည်း
ရှိနေရာ.. ဖြူနှင်းဝေ၏ မျက်ရည်စက်တို့ကို စိုင်း မခွဲနိုင်ဖြစ်နေ၏.
ငါ တောင်းပန်ပါတယ် ဖြူနှင်းဝေ.. နင်နဲ့ ငါ တစ်ချက်တာ.. ချစ်သူတွေ ဖြစ်ခဲ့ကြပေမယ့် ငါ နင့်အပေါ်ဘာ အခွင့်အရေးမှ မယူခဲ့တာ နင် အသိဆုံးပါ..
လူတွေဟာ တစ်ခါတလေမှာ.. စိတ်ကူးယဉ် အိပ်မက်တွေ ထဲမှာ မျောနေ တတ်တယ်..ဟာ အဲဒီ တာရှည်သွားရင် မကောင်းဘူး.. အဲဒီကြောင့် ငါ လက်တွေ့ဘဝကို ပြန်ဆင်း လိုက်တာ ဒီလို လုပ်လိုက်တာ.. နင် စိတ်ထိခိုက် သွားမယ် ဆိုတာ ငါ သိပါတယ်.. ဒါပေမယ့်......
၁၅၉


ဘာ..ဒီလေယပ်လေသွား စိုင်း နင် ဘာ ဆင်ခြေ ပေးဦးမလို့လဲ..ရှင်ခြောင်းက နင့်ကို ဘာပါလို့ ဖမ်းစား လိုက်တာလဲ...
ဟော်..တော်တော့ ဖြူနှင်းဝေ ဒီ ပြဿနာမှာ... ရှင်နှောင်း ဘာမှမသိဘူး အားငယ် ဒါပြစ်ကောင်းတဲ့ သူ့ကို နင် ဆွဲမထည့်နဲ့
ဘာ... နင်က ရှင်ချောင်း ထိတော့မှာပယ်


ကဲ..ဟာ...
ဖြူနှင်းဝေ လက်တစ်ဘက် မြောက် တက်သွားပြီး စိုင်း ပါးတစ်ဘက် ပူထူသွားချေ၏ ။
ဖြန်း
သက်နှင့်တစ်ခါကိုပဲ ဖိန်းကနဲလေးတစ်ပေါက် ကျက်ပြင်း ဝံ့ရဲ့ အိပ်မက်ကလည်း မပျက်ခဲ့ဘူး သူမို့ . စိုင်း မင်တက်ကာ ကြောင်ငေးနေမိ၏ .
သက်ရှူ၏ ကြည့်ရပ်လိုက်တော့ ယိမ်းကျနေသော စက်ဘီးကို သွပ်နေကာ ဖြူနှင်းဝေ ထွက်သွား လေပြီ .


သည်ပါနေ့မှ နန္ဒာရှင်ခြွာင်း ကျောင်းပြန်တက်ဖြစ်သည်.
ပျက်ရက် ရှည်ခဲ့သည်မို့ စာတွေ များလှသဖြင့် ဘယ်က
စလို့ ဘယ်လိုပြန်လိုက်ရမည် မသိဖြစ်နေပြီ ကျောင်းတက်ချိန်
မရောက်ခင်မှာပင် သူငယ်ချင်းတွေဆီ စာကူးလိုက်သွားနေရ၏.
ရှင်ခြွာင်း... ...ရှင်ခြွာင်း
ဟင်...ကြောချိုဝိုင်
နင် စာကူးဖို့လိုက်ရှာ၊ နေတယ် ဆိုလို့ ယူလာခဲ့ ကော့ တချို့ဟာတွေ ငါ ကူးထားတယ်
ဟုတ်လား ကျေးဇူးပါ... ဟယ်


မကျေးဇူးပြုပြီတဲ့
တွေလိုရင်ပေးဦး
ကော်မှ ဖော်းဖော်း
ဆော်းကျေးပေ့
တော်ပါ..ဟာ
ရှင်ခြောင်း
ဟင်
ငါ တစ်ခု
မေးချင်တယ်
ဟာ...
ဟာ..
အချိန်ရှိသေးပါသေး
တယ်..ဟို ခုံလေးမှာ
သွားထိုင်ရအောင်
ကျော်ဝေါင်း့ မျက်နှာ အလေးအနက် အသွင်ကို ဆောင်နေသဖြင့် နန္ဒာရှင်ခြောင်း လည်း ဘာမှ မပြောဘဲ ကျော်ဝေါင်းနှင့် အတူလိုက် သွားကာ အရိပ်ရသော ခုံတန်းလေးတွင် ထိုင်သည်။


စိုင်းနဲ့ နှင်းနဲ့ကို ငါတို့ သဘောမတူစရာမရှိပါဘူး... ဒါပေမယ့် လက်မှတ်ထိုးတဲ့နေ့က ငါတို့ကို ဘာလို့ မခေါ်တာလဲ..
ကျော်ပေါင် အဲဒါ နှင်းတကယ် ပြောတာ..လား
ဘာကို
စိုင်းနဲ့ငါ့ကို သဘောတူတယ် ဆိုတာလေ..
ဟာ တကယ်ပေါ့ ဟာ.. ငါတို့သူငယ်ချင်းတွေပဲ.... ပြီးတော့ စိုင်းက နှင်းအတွက် အမြဲတမ်း အနစ်နာခံခဲ့တာပဲ တစ်ခါလေးမှ နှင်းကြောင့် စိုင်း ရှုံးဖြစ်ပြီး ဒေါင်းပေါက်ခဲ့ပေတယ် မဟုတ်လား
နှင်းဆွေ့ဝင်း ဘာမှ ပြန်မပြောဖြစ်ဘဲ.. ကျော်ပေါင့် မျက်နှာကိုသာ စေ့စေ့ကြည့်လျက် အကဲခတ်နေ၏။



နင်တို့ ... ချစ်သူတွေ ... မသိပေမယ့် ... အသိပေးဖို့ ကောင်းတယ်
ဒီ... မဟုတ်ဘူး.. ..မဟုတ်ဘူး
ဘာကို မဟုတ်တာလဲ ဟ...
ဟို.. ဟို... ချစ်သူတွေ ဆိုတာ...
ဟင်... နင်နဲ့ စိုင်းက ချစ်သူ... မဟုတ်ဘူး
ဟုတ်.. ဟုတ်တယ် ငါနဲ့ စိုင်းက ဘာမှ မဖြစ်ဘူး အခုချိန်ထိ သူငယ်ချင်းတွေ လို.. ပေါင်းနေကြတာ
ဟာ... နင် ရူးနေသလား... ရှင်းရှင်း.. ဘာမှမဟုတ်ဘဲ ဘာမှ မဖြစ်ဘဲ နင်တို့ လက်ထပ်တယ်


ငါတို့ မောင်နှမ အတွက် စိုင်း အနစ်နာ ခံတာပါ..
အဲဒါကို ငါ သိတယ် ဒီကောင် နင့်ကို ချစ်နေတယ် ဆိုတာလည်း ငါ သိတယ် ဒါပေမယ့် ဒီလောက် အနစ်နာခံပြီး ချစ်လိမ့်မယ် လို့တော့.. ငါ မထင်ခဲ့ဘူး ရှင်ခြောင်း
ဘာ.... စိုင်းက နင့်ကို မချစ်ဘူး
စိုင်း.. ငါ့အပေါ် အနစ်နာခံတယ် ဆိုတာ မှန်ပေမယ့် စိုင်းဟာ.. ငါ့ကို မချစ်ဘူး ကျော်ခေါင်
ဟုတ်တယ် သူ မချစ်ဘဲ အနစ်နာခံတာ


ငါ.... ...
ငါ... က
ရှင်ဖြောင်း စကား မဆက်နိုင်ဘဲ တစ်ခုဆို့နေသည်။
ကျော့ဝေါင် မျက်နှာကိုလည်း တွေဝေစွာ ကြည့်
နေမိသည်။ အတန်ကြာမှ.....
ငါ....
ငါက စိုင်းကို
ချစ်တယ်
စကားအဆုံးတော့ ရှင်ဖြောင်း အားအင်တွေ
အုတ်ယှက် ကုန်ခမ်းသွားသည်။ စိုင်း
အတွက် ဒီစကားတစ်ခွန်းတော့ သူ
ပြောဖို့ လိုအပ်သည်ဟု ယူဆ၍ ပြောလိုက်
ရသော်လည်း ကျော့ဝေါင် ကို ပြောလိုက်
ရသည်မှာတော့ ရင်မှ နှလုံးသားကို
ထုတ်၍ လှီးပစ်လိုက်ရသလိုမျိုး ဖြစ်နေ၏။


ဟင်း
ကျော်ဝင့်လည်း သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပါ၏
ဒီကောင် နင့်ကို မချစ်ဘူး ဆိုတာ ငါ မယုံဘူး ဟာ... ဒီကောင် နင့်ကို ချစ်တယ်
ငြိမ်းအောင်း ကျော်ဝင့်ကို စေ့စေ့ ကြည့်ပါ၏။ ကျော်ဝင့် စကားသံ စူးရှ စိုက်စိုက် နားထောင်ကြည့် ကျော်ဝင့် မျက်နှာတွင် ထူးခြားမှု ဘာတစ်ခုမှ မတွေ့ရ သဖြင့် စကားသံတွင်လည်း ဘာထူးခြားမှုမှ မပါ။
စိုင်း... နင့်ကို ချစ်တယ်ဆိုတာ ငါ သိတယ်..... ငြိမ်းအောင်း


ကါသင်း ဈေးမို့ လှုပ်ရှားစည်ကားနေပြီ·
စိုင်းက မနက်စောစော ဆိုင် ထွက်ကာ နေ့လည်နှစ်နာရီ လောက်တွင် ဆိုင်သိမ်းကာ အိမ်ပြန်ပြီ·
မပြုံးမီ ဟင်းချက်စရာတို့ကို ဈေးမှ တစ်ခါတည်း ဝယ်လာပြီး ရှင်ဒွေးခင်း ညနေ ပြန်ရောက်ချင် ချက်ပြုတ်ပြီ· နောက်တစ်နေ့ မနက်စာပါ ဟင်းကို ချက်ထားသဖြင့် မနက်ကို ထမင်း တစ်အိုးသာ တည်ရသည်·


ဘောင်ဘောင် ရှင်ဖြောင်း မိုင်း တို့
သုံးယောက်သား ထမင်းအတူ
စားရချိန်သည် ညနေစာတစ်ခုတည်း
ဖြစ်သည်။ စားသောက်ပြီးချင်း
မိုင်းက ဦးကြီးကျော်တို့အိမ်
သွားတော့သည်။
မနက်စောစောကျတော့
အိမ်ပြန်လာသော ရှင်ဖြောင်း
ပြင်ပေးသော ထမင်းကြော်
စားပြီး ဆိုင်ထွက်....


ဗိုင်း သိုင်ထွက်စကာ မချောင်းတတ် မပယ်တတ် ဖြစ်၍ အရောင်းအဝယ် အတော် ပါးခဲ့ဟန်တူသည်။
ယခုတော့ နားလည်လာ၍ အသင့်အတင့်တော့ ပြုံးပြလာသည်။ ဒေါ်နှင်းမြသွယ် ဂျိုစ္စကာ နားမလည်ရအောင်တော သိုင်ပို့ ပေါက်သည့်ပေါင်း တချို့ကလည်း သည်းခံပြီး ဆက်ဆံခဲ့သည်လည်း ပါပေ။


ပြီးတော့ ကျောင်းပိတ်ရက်များတွင် ရှင်ဒွေးဝင်း ပါ ဆိုင်ကို လိုက်ထိုင်ပေးသဖြင့် ပိတ်ပြောင်းတို့ကာလသည်။ ဆိုင်ရှင် လူ မပြောင်းပဲ အသိအမှတ် ပြုကြသည်။
ဟော .. ဒီနေ့ ဘွားမကြီး ပါ ဆိုင် ရောက်နေတယ်
လက်ဖက် နှစ်ဆယ်သားနဲ့ ပဲကြော် တစ်ဆယ်သား ပေးကွယ်
ဟုတ်ကဲ့ ဒေါ်ဒေါ် .. ဘာ ယူမလဲ ဟင်
မိုင်း က လက်ဖက်ကို ထည့်ပြီး၊ နှင်းမြောင်း က ပဲကြော်ကို ချိန်ပေးမှ


မြေပဲကော
မယူတော့ဘူးလား...
အဒေါ် အခု မြေပဲက မနေ့
ကမှ ရောက်လာတာ
တောက်တောက်လေး ကောင်း
တယ် အဒေါ်ရဲ့
ဟုတ်လား အဒေါ်ဆို
တစ်ဆယ်သား
ချိန်ပေး ကွယ်
ဝယ်သူကို ချိန်ပေးနေစဉ်မှာပင် နောက်လူတစ်ယောက်
ရောက်လာသည်။
အံမယ်
ဒီနေ့ စုံတွဲ ဆိုင်ထိုင်
ကြတယ်ပေါ့
ဟင်.. .. ..
ဖေဖေကြည်


အသံကြောင့် မော့ကြည့်မိတော့ ဖြူဖွေးဖွေး ဖြင့် .. ဒေါ်ကြည် ဖြစ်နေသဖြင့် ရှင်မြနောင်းက အံ့ဩသက်လိုက်ရသည်.
အော်ကွယ် ဈေးလာရင်း လှည့် ဝင်လာတာ
ဖေဖေရော ဘာယူမလဲ ဟင်
လက်ဖက် အစိတ်သားနဲ့ ပဲကြော်အစုံ ငါးဆယ်သားလေး ဒေါ်နှင်းဖြူရယ် မရှိတော့လို့ လက်ဖက်ကောင်း မစားရတော့ဘူးလို့ ထင်နေတာ .. တော်သေးတာပေါ့ကွယ် မောင်စိုင်း က ဆိုင်ကို ဦးစီးပေးလို့
ဟုတ်ကဲ့ ဖေဖေ....
၁၇၆
စိုင်းက အလိုက်အထိုက် ဖြေရင်း ပဲကြော်များကို ထည့်ပေး၏. ဒေါ်ကြည်က စိုင်း တို့ကို ကြည့်ပြီး .....


ဟို နှစ်ပေါက် အကြောင်းကို ပြောရဦးမယ် မင်းတို့ ကိစ္စက စောသေးစီးပီး ပြီး သွားကြတော့ သူတို့ကိစ္စ စိတ်ပူ ရဦးမယ်
ခင်ဗျာ.... ဘာ..ဘာဖြစ်လို့ လဲ
အသူ့တော့ မပြောတတ်ပါဘူး ငါ့ရယ်.. တစ်နေ့ ဒီသူတော ဆိုက်မယ် ဆိုတာတော့ သိပြီးသားပါပဲ.. ကျော်ခေါင်က သမီးကို စာပေးတယ် လေ.. ဟင်း..ဟင်း..ဟင်း
ကျော်ခေါင့် အကြောင်း လည်း မင်းတို့ သိပြီးသားပဲ သူ့ကို ဖွံ့တော့ စာအုပ်ကြားထဲ စာညှပ်ပေးတယ်.. အဲဒါကို သမီးက မသိတော့ စားပွဲပေါ်တင်ထားလို့ အန်တီသူသိ၊ အမှုမဲ့ အမှတ်မဲ့ စာအုပ် ကောက်သိမ်းလိုက်လို့ အထဲက စာကိုတွေ့တာ..
၁၇၇
ကြာတော့ ကြာပြီပေါ့.. ဒေါ်နှင်းမြဘွယ် ခံ့တဲ့ အချိန်လောက် ကပေါ့


မင်းတို့ နာရေးကိစ္စကသာသွား အလုပ်ရှုပ်.. ကလေးတွေကလည်း ငယ်သေးလို့ သမီးကို စာပြသင့် မပြသင့် ပြောသင့် မပြောသင့် ချင့်ချိန်နေတာ.. ညကမှပဲ ပြောဖြစ်တော့တယ်....
ဗျာ...
မထင်မှတ်သော အဖြစ်ကို ကြားလိုက်ရသဖြင့် မိုး အံ့သြသွားသည်။ ကျောက်ဝေါ် စာပေးပြီးပြီ ဆိုတဲ့သတင်းက ဖြူနှင်းဝေ ကျောက်ဝေါ်ကို မှုမထား ရင်းရင်းနှီးနှီး ဆက်ဆံနေခဲ့သည်များကို သူ အထင်မှားခဲ့လေပြီ။ သူတင် မဟုတ် ကျောက်ဝေါ် ကလည်း ဝမ်းသာနေခဲ့သည်ဖြစ်ရာ တကယ်တော့ ဖြူနှင်းဝေ သည် အာမှ သိသေးသူ မဟုတ်ပါလား။


ဖြူနွင်းဝေ သလွန် သူ့ကို ရေလာအောင်လောင်းပြီး မြောင်းပေါက်
ခဲ့ပြီ ကျော်ဝေါင့် အပေါ်လာပြီး မပြတ်သွားဘဲ ဟာသစကား
နှင့်ရွှင်းကို ကျွေးဖို့ အတွက် သူဦးတားပေးခဲ့ပြီ
၁၇၇
နောက်ဆုံးတော့ ကွယ်
ကျော်ဝေါင့် မိဘတွေနဲ့ အရင်တိုင်းပဲ
ကြည့်ရင် ကောင်းမလား ဆိုပြီး ယနေ့က
တွေ့ကြတယ်လေ.. သူတို့ဘက်ကလာပြီး
လိုလိုလားလား မေတ္တာ ဆို ဝမ်းသာလွန်းလို့
သူက ဖြူနွင်းဝေကို ဆက်ဆက်လေး ချစ်ကြဆိုတော့
သူ့ မောင် သတ္တိ မရှိတာကို ဖြေပြီးပြီ
ရယ်ကြရသေးတယ်.. အဟင်း...
ဟင်း.. ဟင်း


ရှင်ကြောင်း မျက်နှာ ချက်ချင်း ညှိုးကျ သွားသည်။ မျှော်လင့်ချက် မဖြစ်တော့မှန်း ရိပ်မိခဲ့သည်မှာ ကြာပြီ ဖြစ်စေကာလည်း တင်းခံသော သံယောဇဉ် တစ်ချင်ရယ်ကြောင့် မဝံ့မရဲ မျှော်ခဲ့သောသည်ဖြစ်ရာ ယခုတော့ နွမ်းနွမ်းကျ သွားလေပြီ။
အဲဒါ ပါပါကွယ်... မင်းတို့ ဝမ်းသာရအောင် အဲဒါ ပြောတာ...
ဟုတ်.. ဟုတ်ကဲ့ ဖေဖေ.. ...
၁၇၈
ဟုတ်.. ဝမ်း ဝမ်းသာပါ တယ်.. .. ဖေဖေရယ်


လသည် ထိန်ထိန်ညီးအောင် သာနေ၏။ မိုးသားတိမ်တိုက်တို့
ဟိုသည် တစ်စု ရွေ့လျားကာ ရှိနေသော်လည်း ပါးလျလျ
အမျှင်တန်းလေးများမို့ လမင်းကို ဖြတ်သန်းသွားကြသော်လည်း
မှုံဝါးကြည်နူးနှင့် ဖုံးကွယ်လိုက်သလိုသာ ဖြစ်၍ လမင်း အလင်းရောင်ကာ
မပျောက်နိုင်ဘဲ ရှိနေ၏။
တိမ်ပြင် လွတ်လျှင် လင်းလိုက် တိမ်ပြင် ဖုံးကွယ်လျှင် မှိန်လိုက်နှင့်
မှိတ်တုတ်မှိတ်တုတ် ရှိနေသော လရောင်အောက်၌ သရက်ပင်ခြေရင်း ခုံတန်းလေး
ပေါ်တွင် စိုင်းသည် မပြန်ဖြစ်သေးဘဲ ထိုင်နေ၏။


မည်မျှကြာအောင် အာလွေးကြောတို့ မျောခဲ့နေမိသည်မသိ။ ခြေသံလေးတစ်ခု ကြားမှ မော့ကြည့်မိတော့၊ ရှင်မြှောင်း သူ့ အနား ရောက်နေသည်ကို တွေ့လိုက်ရသည်။
ဟင် ရှင်မြှောင်း
စိုင်း ဘာတွေ တွေးနေတာလဲ ဟင်
အင်း ဘာရယ် မဟုတ်ပါဘူး ကွာ.. ဟို အောင်အောင် ပြန်လာပြီလား
မလာသေးဘူး လေ... ကျောင်းက ရှစ်နာရီမှ ပြီးမှာ
၁၈၀



စိုးက အောင်အောင် ကျောင်းပြီး၍ အိမ်ပြန်ရောက်မှ ဦးကြီးကျော် အိမ်သို့ ပြန်ပြီ ဖြစ်ပါ၏။ အောင်အောင် မရောက်သေးမီ ရှင်နှောင်း တစ်ယောက်တည်းကို ဘယ်တော့မှ မထားခဲ့....
စိုး
ပြောပါ ရှင်နှောင်း
စိုး... ဖြူနှင်းဝေ အကြောင်း စဉ်းစားနေတာ မဟုတ်လား
စိုး ရုတ်တရက် အံ့သြသွားကာ ရှင်နှောင်းကို မော့ကြည့်ပါ၏။
ရှင်နှောင်းက စိုးနှင့် ယှဉ်လျက် ခုံတန်းတွင် ဝင်ထိုင်သည်။


တကယ်ပါလို့သာ
စိုင်း အကြောင်းကို ရှင်နှောင်း
ကြိုသိခဲ့ရင် ဒီကိစ္စကို ရှင်နှောင်း
လက်ခံမှာ မဟုတ်ဘူး
စိုင်း
ရှင်နှောင်း
ဘာကို ဆိုလိုတာ
လဲ... ဟင်
စိုင်းနဲ့ ဖြူနှင်းဝေ ကိစ္စပါ
ဟို မိုးရွာကြီးတဲ့ တစ်နေ့က
စိုင်းကို ဖြူနှင်းဝေ နင့်နင့်
သီးသီး ဆက်ဆံသွားတဲ့
အကြောင်းကိုပါ သိရတော့
ရှင်နှောင်း တော်တော်
စိတ်မကောင်း ဖြစ်မိတယ်
ဟင်း...
စိုင်း သက်ပြင်းပူကြီးကို မှုတ်ထုတ်လိုက်၏။
ဒီကိစ္စတွေ
ပြဇာတ်ဖုံးကား ချသွား
ပါပြီ... ဟာ
ရှင်နှောင်းကြောင့်
ချခဲ့တာ မဟုတ်
လား
စိုင်း... ဖုံးကွယ်မထားချင်တော့
အဖြစ်မှန် အားလုံးကို ပြောပြ
လိုက်သည်။


ဒါဆိုရင် ဘာပဲ ပြောပြော စိုင်း သူ့အပေါ် သစ္စာ ပျက်ခဲ့တာပေါ့
ငါ အမှန်အတိုင်း ပြောမယ် ရှင်ဖွှောင်း ဖြူနှင်းဝေ အပေါ် ငါ စိတ် မလှုပ်ရှားခဲ့ဘူး.. ဒါကြောင့် လည်း.. ငါ သူ့ကို
လက်မတွဲသင့် ဘူး... လို့ ဆုံးဖြတ် ခဲ့တာ.. အဲဒါကို နင် ယုံပါ...
ငါ ပူတာက နင့် အတွက် နင် တစ်နေ့မှာ အိမ်ထောင်ရေးကို စဉ်းစားတော့မယ် ဆိုရင် ငါတို့ ကိစ္စဟာ အနှောင့်အယှက် ဖြစ်တော့မယ် ရှင်ဖွှောင်း
လောကမှာ တစ်ခုခုကို လိုချင်ရင် တစ်ခုခုကိုတော့ စွန့်လွှတ်ရမှာပဲ.. ဆိုတာ ငါ သဘော ပေါက်ပါတယ် ဟာ..
ဒါပေမယ့် လူတွေဟာ တစ်ခု ရပြီးရင် နောက် တစ်ခုကို ထပ်လိုချင် တတ်ကြတယ်


နှင်ကတော့ ဘာမှ
မရသေးခင် အားလုံးကို
ရှုံးလွှတ်နေရတာပါ..
နှင့် ထက်စာရင် ငါက တစ်ခု
ရဖို့ တစ်ခု ရှုံးရတာ...
စိုင်း ရင်ထဲမှ စကားတို့ ပွင့်အံလုလု
ဖြစ်လာသည်။ သို့သော် သူမ ပုံ
မြင်လို့ သူမချုပ်ထွင်းသည့် အမြစ်
ဖောက်မည် စိုး၍ အံခဲကာ မျိုသိပ်
လိုက်ရလေ၏။
လရောင်ပဲ့ပဲ့သည် လှသော ရင်ခြောင်းပေါ်သို့ ကျရောက်သရေ
ဖြိုးဖြာ ဖြာကျနေ၏။ အေးမြသော ညဉ့်ခါ၌ သင်းသော
သနပ်ခါးနံ့သည် ရင်ခြောင်းထဲမှ တစ်ခဏ စိုင်းထံသို့ ကူးလူ
ရောက်ရှိနေ၏။
ထို လရောင် ခသမ်းသော သနပ်ခါးရနံ့
သင်းသော ညဉ့်သည် စိုင်း ကို
အိပ်မပျော်စေသော ညတစ်ည ဖြစ်ခဲ့
ပြန်လေသည်။



ကျော်ငေါင်
ပြောလေ.. ဖြူနှင်းဝေ
ငါ့အမေ ပြောပြလို့ နင့်သဘော ကိုလည်း ငါ သိရပြီးပြီ နင့်ဒီကိစ္စကလေးလည်း သဘောတူတယ်ဆို
ဟုတ်... ဟုတ်တယ်
ငါ တစ်ခု မေးချင်တယ် ဟာ...
